၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No.822, July 10, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်ပြန်လည်ရောက်ရှိပြီ

**RFA ၊ ဇူလိုင် ၈ ။** ။ ၂၀၁၀ နိုဝင်ဘာလမှာ နေအိမ် အကျယ်ချုပ်က လွတ်မြောက်ပြီးတဲ့နောက်ပိုင်း ရန်ကုန်မြို့ပြင်ပကို ပထမဆုံးအကြိမ် ခရီးထွက်ခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ ရန်ကုန်တက္ကသိုလ်ရိပ်သာလမ်း နေအိမ်ကို ဒီကနေ့ ချောချောမောမော ပြန်လည်ရောက်ရှိလာပါတယ်။

ဒေါ်အောင်ဆန်းစုကြည်၏ ၅ ရက်ကြာ ပုဂံဘုရားဖူးခရီးစဉ် အပြီး ၂၀၁၁ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့တွင် ရန်ကုန်ကို ပြန်လည်မထွက်ခွါမီ ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ကို ပုဂံ ညောင်ဦးလေဆိပ်တွင် နှုတ်ဆက်ကြသူများနဲ့ လိုက်ပါပို့ဆောင်ကြပါတယ်၊

ညောင်ဦးကနေ ရန်ကုန်ကို မနက် ၁၀ နာရီ မိနစ် ၅၀ ကျော်လောက်မှာ ဆိုက်ရောက်တယ်လို့ ခရီးစဉ်မှာ အတူပါသွားတဲ့ဦးခွန်သာမြင့်က ပြောပါတယ်။

"လိုချင်တဲ့ အတိုင်းထက် ပိုပါတယ်။ ကျေလည်း ကျေနပ်ကြပါတယ်။ အားလုံးကလည်း လိုလိုလားလားပါပဲ။ အားလုံးဆိုတာက အဲယားလိုင်းတို့ ဟိုတယ်တို့ အကုန်လုံးကလည်း တကယ့်နိုင်ငံရဲ့ခေါင်းဆောင်တယောက်လိုပဲ ဆက်ဆံကြတယ်လေ။ နောက် ပြည်သူတွေကလည်း တွေ့တဲ့နေရာမှာ ပျူပျူငှာငှာပေါ့၊ လေးလေးစားစား အဲသလိုပဲ ချစ်ကြတယ်ပေါ့ဗျာ။"

သားငယ် ကိုထိန်လင်းကတော့ ကားနဲ့ ပြန်လာတာဖြစ်လို့ ညပိုင်းကျမှ ရန်ကုန်ပြန်ရောက်မယ်လို့ ပြောပါတယ်။ ဒီခရီးနဲ့ပတ်သက်ပြီး AFP သတင်းထောက်တဦးက မေးတဲ့အခါမှာ ကိုထိန်လင်းက ကျနော်တို့ အားလပ်ရက်တော့ရခဲ့ပါတယ်။ ဒါပေမယ့် ခရီးတလျှောက်လုံး ကြိုဆို နှုတ်ဆက်တဲ့သူတွေများတော့ ရှောင်လို့မလွတ်တဲ့အတွက် အပမ်းဖြေ အနားယူခွင့်တော့ နဲနဲပဲ ရခဲ့ပါတယ်လို့ ပြော ပါတယ်။

ဒါနဲ့ပတ်သက်လို့ မနေ့ညနေက ညောင်ဦးမြို့ ဈေးထဲမှာလူတစ်ထောင်ကျော် ကြိုဆိုနှုတ်ဆက်တဲ့အကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်နဲ့အဖွဲ့ကို ဟိုတယ်မန်နေဂျာတွေက ညစာစားပွဲနဲ့ဧည့်ခံတဲ့ အကြောင်းနဲ့ဟိုတယ်ဝန်ထမ်းတွေကို ဒေါ်အောင်ဆန်းစုကြည်ကလည်း ကျေးဇူးတင်စကားပြန်ပြောခဲ့တဲ့ အကြောင်းကို NLD ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က ပြောပါတယ်။

"ညနေပိုင်းမှာ အထွေထွေအတွင်းရေးမှူးက ညောင်ဦးမြို့ဈေးထဲကိုဈေးဝယ်ထွက်ပါတယ်။ အဲဒီမှာကြိုတင်ပြီးတော့ သတင်းရရှိနေတဲ့ ညောင်ဦးမြို့က မြို့သူမြို့သားတွေ၊ ထောင်နဲ့ချီနေတဲ့ ပရိသတ်ကြီးက စောင့်နေကြပါတယ်။ ဟိုတယ်ကို ညနေ ၅ နာရီကျော်လောက်မှာ ပြန်ရောက်တယ်လို့ဆိုပါတယ်။ အဲဒီမှာ ဟိုတယ် ဝန်ထမ်းပေါင်း ၁၂၀ ကျော်ကို အထွေထွေအတွင်းရေးမှူးရယ်၊ သားငယ်ကိုထိန်လင်းရယ်က တွေ့ဆုံပြီးတော့ ကျေးဇူးတင်ရှိကြောင်း ပြောကြားပါတယ်။ ညနေပိုင်းမှာတော့ River View Hotel မန်နေဂျာနဲ့ လက်ထောက် မန်နေဂျာတို့က ညစာ ပြန်ပြီးတော့ တည်ခင်းဧည့်ခံတယ်လို့ သိရပါတယ်။"

**အချုပ်အချာ အာဏာကို ပြည်သူသာ ပိုင်ရမည်**

**မြန်မာသံရုံးအကြီးတန်း သံတမန်ဦးကျော်ဝင်းအမေရိကန်မှာ နိုင်ငံရေးခိုလှုံ** — စာမျက်နှာ ၃

**ဘီဘီစီ ရေဒီယို ဖိုး အစီအစဉ်မှာ ဒေါ်အောင်ဆန်းစုကြည် ထပ်မံဟောပြော** — စာမျက်နှာ ၅

**ထိုင်းရွေးကောက်ပွဲ ရင်လုရှင်နာဝပ်အနိုင်ရရှိမှု ဒေါ်အောင်ဆန်းစုကြည်ကြိုဆို** — စာမျက်နှာ ၇

**ဒေါ်အောင်ဆန်းစုကြည် ပြည်တွင်းခရီးသွားလာနိုင်မှု အမေရိကန်အကောင်းမြင်** — စာမျက်နှာ ၁၀

**ဒေါ်အောင်ဆန်းစုကြည် နယ်ဘုရားဖူးခရီးစဉ်အတွင်း လူထုနဲ့ ထိတွေ့** — စာမျက်နှာ ၁၅

**ကချင်ဒုက္ခသည်များကို မကူညီရန် ဦးသိန်းစိန်အစိုးရက ဟန့်တားမှုတွေလုပ်** — စာမျက်နှာ ၁၉

# အမျိုးသားခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည် အာဇာနည်ဗိမာန်သွား ဂါရဝပြုမည်

**Mizzima ၊ ဂျူလိုင် ၁၁ ။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် သားငယ်ကိုထိန်လင်းနှင့် အတူအင်္ဂါနေ့ မနက်တွင် အာဇာနည်ဗိမာန်သို့ သွားရောက်ဂါရဝပြုမည်ဟု ပါတီတွင်း သတင်းရပ်ကွက်များကပြောသည်။ မနက် ၇ နာရီတွင် ရွှေတိဂုံဘုရား သို့သွားရောက် ဖူးမျှော်ပြီးနောက် ရွှေတိဂုံဘုရားခြေတော်ရင်း တောင် ဘက်မုခ်အနီးရှိ ကွယ်လွန်သူ မိခင်ဖြစ်သူဒေါ်ခင်ကြည်၏ အုတ်ဂူသို့ သွားရောက်ဂါရဝပြုမည်။ ထို့နောက် ဖခင်ဗိုလ်ချုပ်အောင်ဆန်းနှင့် အာ ဇာနည်ခေါင်းဆောင်ကြီးများ ဂူသွင်းမြှုပ်နှံရာ အာဇာနည်ဗိမာန်သို့သွား ရောက်ရန် စီစဉ်ထားသည်ဟု ဆိုသည်။ ဖွန်လ ၁၉ ရက်နေ့ကအလည် အပတ်ရောက်ရှိလာသည့် သားဖြစ်သူ ကိုထိန်လင်းမှာ မနက်ဖြန်ည ပိုင်းတွင် နေရပ်ရင်းဗြိတိန်နိုင်ငံသို့ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။

ထို့အပြင် အာဏာပိုင်များက ဖိတ်ကြားလျှင် ဇူလိုင် ၁၉ ရက် အာဇာနည်နေ့တွင် လွမ်းသူ့ပန်းခွေချကာ ဂါရဝပြုမည်ဟု တနင်္လာနေ့ မနက်ပိုင်းတွင် တက္ကသိုလ်ရိပ်သာလမ်း နေအိမ်၌ ပြုလုပ်သည့် သတင်း စာရှင်းလင်းပွဲတွင် သတင်းထောက်များကို ပြောကြားခဲ့သေးသည်။

"မနက်က သတင်းထောက်က မေးတော့ ဖိတ်ရင်သွားမှာပေါ့တဲ့။ အခုထက်ထိ ဖိတ်သေးပုံ မပေါ်ဘူးခင်ဗျ။ NLD ကတော့ ကျနော်တို့ အစီအစဉ်နဲ့ ကျနော်တို့ ရှိပါတယ်။ အခမ်းအနားလုပ်မယ်" ဟု NLD ပြောခွင့်ရ ဦးအုန်းကြိုင်က မဇ္ဈိမကို ပြောသည်။

သို့သော် မနက်ဖြန် အာဇာနည်ဗိမာန်သွားရောက်မည့် အစီအ စဉ်ကိုမူ သေချာစွာမသိရသေးဟုဆိုကာ သူက "ကျနော်ကြားတာက နက်ဖြန် ခရီးစဉ်တခုရှိတယ်လို့ပဲ ကြားပါတယ်။ ဘယ်ရယ် ဘာညာမသိ ပါဘူး" ဟုဆိုသည်။ ၁၉၈၈ ခုနှစ်မှစ၍ မြန်မာပြည်သို့ ပြန်ရောက်လာ ခဲ့သော ဒေါ်အောင်ဆန်းစုကြည်သည် အာဇာနည်ဗိမာန်သို့ သွားရောက် ဂါရဝပြုခွင့်မှာ ၈ ကြိမ်သာရရှိခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် နောက်ဆုံးအ ကြိမ် သွားရောက်ခဲ့ခြင်းဖြစ်ပြီး၊ ကျန်နှစ်များတွင် နေအိမ်အကျယ်ချုပ် ဘဝဖြင့် နေထိုင်ခဲ့ရသဖြင့် သွားရောက် ဂါရဝပြုခွင့်မရခဲ့ပေ။

တနင်္လာနေ့ သတင်းစာရှင်းလင်းပွဲတွင် ၄ ရက်ကြာ ပုဂံဘုရားဖူး ခရီးစဉ်အကြောင်း ဒေါ်အောင်ဆန်းစုကြည်က ရှင်းလင်းပြောကြားခဲ့ရာ၊ ခရီးစဉ်တလျှောက် လိုက်ပါခဲ့သည့် သတင်းထောက် ၁၇ ဦးတက်ရောက် ခဲ့သည်။

"မနူဟာဘုရင်ကလည်း သိပ်လေးစားဖို့ ကောင်းတယ်၊ အကျဉ်း စံဘဝမှာတောင်မှ အနော်ရထာတို့က ကြောက်ရတယ်၊ အကျဉ်းစံဘ ဝကို နားလည်လို့ သူသွားတယ်၊ NLD အဖွဲ့ဝင်တွေလည်း အဲလိုပဲ အကျဉ်းကျခံနေရတာတွေများတယ်၊ အဲဒါကြောင့် အဓိကသွားတာပါ လို့ရှင်းပြတယ်" ဟု ရှင်းလင်းပွဲတက်ရောက်ခဲ့သူ သတင်းထောက် တဦးက မဇ္ဈိမကို ပြောပြသည်။

ထို့အပြင် အာနန္ဒာဘုရားဖူးရခြင်းနှင့် ပတ်သက်၍ "အာနန္ဒာ ဘုရားဆိုရင် ကျန်စစ်သားမင်းကို ပုံမင်းတွေထဲမှာ လေးစားတယ်။ သူဟာ မင်းအဖြစ် ထီးနန်းမရပေမယ့်လည်း နေနိုင်တယ်။ မြင့်မြတ်တဲ့ စိတ်ထားရှိတယ်။ သူမင်းဖြစ်တဲ့အချိန်မှာလည်း တိုင်းပြည်ကို စီမံနိုင် ခဲ့ပေးသွားတယ်။ အဓိကက တော့ မွန်-မြန်မာချစ်ကြည်ရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဘယ်လို စီမံဖော်ဆောင်သွား တယ်ဆိုတာ ပြောပြပါတယ်" ဟု သူက ဆိုသည်။

ပုဂံဒေသ စိမ်းလန်းစိုပြေရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး အတွက် ဒေါ်အောင်ဆန်းစုကြည်က စိုးရိမ်ပူပန်ပြီး၊ ပုဂံဘုရားများပြန် လည်ပြုပြင်ရေးများကြောင့်ရှေးဟောင်းလက်ရာအချို့ပျက်စီးသွားမည် ကို စိုးရိမ်ကြောင်း ပြောဆိုခဲ့သည်။ မကြာခင် ရန်ကုန်ပြင်ပစည်းရုံး ရေးခရီးစဉ်များနှင့် ပတ်သက်၍ သတင်းထောက် များက မေးမြန်း ခဲ့ကြ သေးသည်။

သတင်းထောက်တဦးက " နိုင်ငံရေး ခရီးစဉ် ထွက်တဲ့အခါ သွားမယ့်ခရီးစဉ်ကို အတိအကျပြောမှာပါတဲ့။ စည်းရုံးရေးလုပ်ပါတယ် ဆိုမှ တိုးတိုးတိတ်တိတ်သွားလို့ ဘယ်ဖြစ်မလဲလို့ပြောပါတယ်" ဟု မဇ္ဈိမကို ပြန်ပြောပြသည်။

၂၀၀၃ နယ်လှည့်ခရီးစဉ်များတွင် မီဒီယာသမားများလိုက်ပါ လာနိုင်ခဲ့ပါက မေ ၃၀ ဒီပဲယင်း လုပ်ကြံမှုမျိုးဖြစ်မလာနိုင်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က ယူဆသည်။

"သူ့မိတ်ဆွေတယောက်က ပြောတယ်တဲ့။ ၂၀၀၃ ခုနှစ်တုန်းက (ဒီပဲယင်း) ခရီးစဉ်မှာ မီဒီယာတွေ လိုက်နိုင်ရင် ဒီလိုမျိုး မဖြစ်နိုင်ဘူးလို့ ပြောပါတယ်။ သူကလည်း ဟုတ်ပါတယ်လို့ပြောပါတယ်တဲ့။ အဲဒါ ကြောင့် ကျနော်တို့ကို ဖိတ်ပြီး ရေနွေးကြမ်း ခေါ်တိုက်တာပါတဲ့။အဲဒီတု န်းက မီဒီယာတွေမပါခဲ့လို့ အဲလိုဖြစ်သွားတာပါဆိုတဲ့ စကားဟာမှန်ပါ တယ်တဲ့" ဟု သတင်းထောက်က ဆက်ပြောပြသည်။

စည်းရုံးရေးခရီးစဉ်ကို ၆၄ နှစ်မြောက် အာဇာနည်နေ့ ကျရောက် မည့် ဇူလိုင် ၁၉ ရက် နောက်ပိုင်းမှသာ စတင်နိုင်မည်ဟုဒေါ်အောင် ဆန်းစုကြည်က သတင်းထောက်များကိုပြောကြားခဲ့သည်။ တနင်္လာ နေ့မှာပင် ဗဟန်းမြို့နယ်ရှိ NLD ရုံးချုပ်တွင်ပြုလုပ်မည့် သမ္မတအကြံ ပေးစီးပွားရေးပညာရှင် ဒေါက်တာဦးမြင့်၏ ဆွေးနွေးပွဲ အစီအစဉ်မှာ အချိန်ကပ်၍ ပျက်ပြားသွားကြောင်း ပါတီဒုဥက္ကဋ္ဌ ဦးတင်ဦး အဆိုအရ သိရသည်။

"မနက်က ၈ နာရီလောက်မှာ သိပါတယ်။ စီစဉ်ပေးတဲ့ ဦးစိုးဝင်း ကို ဦးမြင့်က ပြောလို့၊ သူ အဆင်မပြေလို့ ဖြစ်မှာပေါ့ဗျာ။ တခုခုအဆင် မပြေဖြစ်သွားလို့ ဖြစ်မှာပါ။ စီစဉ်သူတွေက ဒီနေ့တော့မလုပ် ဖြစ်ပါဘူး ဗျာ ပြောတော့ ကျနော်တို့လည်း ကောင်းပြီလို့ ပြောလိုက်တာပါပဲ" ဟု သူက မဇ္ဈိမကို ပြောသည်။

ဒေါက်တာဦးမြင့်က ကိုယ်တိုင်ပြုစုထားသည့် ဆင်းရဲမွဲတေမှု ပ ပျောက်ရေးစာတမ်းနှင့်ပတ်သက်၍ ဆွေးနွေးရန် စီစဉ်ခဲ့ရာမှ ပျက်ပြား သွားခြင်း ဖြစ်သည်။ NLD ဗဟိုခေါင်းဆောင်များအပြင် ရန်ကုန်တိုင်း အဖွဲ့ဝင်များ၊စီးပွားရေးနှင့်ပတ်သက်၍အခြားစိတ်ဝင်စားသူများပါတက် ရောက်နားထောင်ရန် ဖြစ်သည်။ အစီအစဉ်ဖြစ်မြောက်ပါကအမှာ စ ကားပြောကာ ဆွေးနွေးပွဲဖွင့်လှစ်ပေးမည့် ဦးတင်ဦးက ယခုအစီအစဉ် ပျက်သွားရသည်ကို နားမလည်နိုင်ကြောင်း ပြောသည်။

"သူတို့ကိစ္စနဲ့ သူတို့ဖြစ်တာ၊ မပြောတတ်ဘူးဗျ။ သူတို့ကို

**စာမျက်နှာ ၆ သို့**

# မြန်မာသံရုံးအကြီးတန်း သံတမန်ဦးကျော်ဝင်း အမေရိကန်မှာ နိုင်ငံရေးခိုလှုံ

**VOA ၊ ဇူလိုင် ၄ ။** ။ ဝါရှင်တန်မြို့ မြန်မာသံရုံး ဒုတိယအကြီးအကဲ သံမှူးကြီးဦးကျော်ဝင်းက မြန်မာအစိုးရခေါင်းဆောင်တွေ အနေနဲ့ မကြာမီကာလ အတောအတွင်း ဒီမိုကရေစီအပြောင်းအလဲ ဖေါ်ဆောင်နိုင်ဖို့ မျှော်လင့်ချက်ကင်းမဲ့နေတာကြောင့် ရာထူးကနုတ်ထွက်ပြီး အမေရိကန်ပြည်ထောင်စုမှာ ခိုလှုံဖို့ဆုံးဖြတ်လိုက်ပါတယ်။

ဦးကျော်ဝင်းက အမေရိကန်နဲ့မြန်မာအစိုးရ ဆက်ဆံရေးတိုးတက် အောင် ပြုပြင်ပြောင်းလဲရေး တွန်းအားပေးဖို့ကြိုးပမ်းခဲ့ပေမဲ့ လက်မခံတဲ့အတွက်နုတ်ထွက်ဖို့ ဆုံးဖြတ်လိုက်ရတာလို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Hillary Clinton ထံကို ဒီနေ့ ဇူလိုင်လ ၄ ရက်နေ့မှာ ပေးပို့လိုက်တဲ့ စာမှာ ဖေါ်ပြထားပါတယ်။

အမေရိကန်ပြည်ထောင်စုအနေနဲ့ မြန်မာအစိုးရ ခေါင်းဆောင်တွေနဲ့ သူတို့နဲ့နီးစပ်တဲ့စီးပွားရေးလုပ်ငန်းရှင်တွေအပေါ် ပစ်မှတ်ထားတဲ့ ပိတ်ဆို့မှုတွေကို ဆက်လက်ထိန်းထားဖို့ တိုက်တွန်းလိုက်ပြီး နိုင်ငံတကာ အသိုင်းအဝိုင်းကလည်း မြန်မာနိုင်ငံတွင်း လူ့အခွင့်အရေးချိုးဖောက်မှုတွေကို စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့နိုင်ရေး ဖိုင်းဝန်းဖိအားပေးပါရန် ဦးကျော်ဝင်းက ပန်ကြားလိုက်ပါတယ်။

မြန်မာအစိုးရ အနေနဲ့ ဒီမိုကရေစီကို ကြောက်စရာတခုအဖြစ်သဘောမထားဘဲ ဒီမိုကရေစီကိုပိုက်ထွေးခြင်းကသာလျှင် ရှေ့ကိုတက်လှမ်းနိုင်မှာဖြစ်တယ်လို့လည်း အမှာစကားလည်း ပါးလိုက်ပါတယ်။

ဦးကျော်ဝင်းဟာ ဝါရှင်တန်မြို့ မြန်မာသံရုံးရှေ့ ဒီမိုကရေစီရေး ဆန္ဒပြသူတွေအပေါ် ရင်းရင်းနှီးနှီးဆက်ဆံလေ့ရှိပြီး ဝါရှင်တန်မြန်မာအသိုင်းအဝိုင်းမှာလည်း သူ့ရဲ့ လုပ်ပိုင်ခွင့် ဘောင်အတွင်းက ပြေပြေလည်လည် ကူညီတတ်သူ အဖြစ် လူသိများပါတယ်။

၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ ၁၀ ရက်နေ့က အမေရိကန်ရောက် ကချင် တိုင်းရင်းသားတွေရဲ့ ဒီမိုကရေစီရေးတောင်းဆိုတဲ့ သံရုံးရှေ့ဆန္ဒပြပွဲမှာ ဦးကျော်ဝင်းက ဝန်ထမ်းတွေရဲ့ ရပ်တည်ချက်နဲ့ ပတ်သက်ပြီး ကချင်လူငယ်တွေကို အခု လို ရှင်းပြခဲ့ဖူးပါတယ်။

"ကိုယ်တို့ ရှေ့လျှောက် ဘာလုပ်ကြမလဲ၊ ကိုရင်တို့လိုတာ ကိုရင်တို့ပြော၊ ကိုယ်ကတော့ ဝန်ထမ်းဆိုတော့ ကိုရင်တို့ ပြောတာ တင်ပေးမယ်။ ကိုယ်တို့မှာလည်း ဘာမှဆောင်ရွက်ပိုင်ခွင့် မရှိပါဘူး။ ဒါပေမဲ့ ကိုရင်တို့ပြောတာကိုတင်ပေးမယ်။ ရန်ကုန်က ပြန်ပြောတာရှိရင် ပြောပေးမယ်။ ဒါပဲ လုပ်လို့ရမယ်။"

ဦးကျော်ဝင်းဟာ နိုင်ငံခြားရေးဝန်ကြီးဌာနမှာ ၁၉၈၀ ပြည့်နှစ်က သံအရာရှိအဖြစ်စတင်တာဝန်ယူခဲ့ပြီး ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ မြန်မာအဖွဲ့ရုံး၊ အိန္ဒိယနဲ့ ဘရာဇီးလ်နိုင်ငံ မြန်မာသံရုံးနဲ့ ဝါရှင်တန်မြို့ မြန်မာသံရုံးစသဖြင့် ရာထူးအဆင့်ဆင့်မှာ လုပ်သက် ၃၁ နှစ်ကြာတာဝန်ထမ်းခဲ့ပြီး ဒီနေ့ သူ့ရဲ့ နုတ်ထွက်စာကို မြန်မာ ဒုတိယနိုင်ငံခြားရေးဝန်ကြီးထံ လိပ်မူပေးပို့လိုက်ပါတယ်။

---

# လိုင်ဇာလမ်း ကုန်စည်စီးဆင်းမှု ပြန်တက်လာ ကားခ မကျသေး

**Mizzima ၊ ဇူလိုင် ၅ ။** ။ တိုက်ပွဲများ ရပ်သွားပြီးနောက် မြစ်ကြီး နား-လိုင်ဇာလမ်းပြေးဆွဲနေသည့် ကားအစီးရေ ထက်ဝက်ခန့်ပြန်တိုးများလာသော်လည်း ကားခများမှာမူ ပြန်မလျှော့သေးဘဲ ဖြစ်နေသည်။

ယခင်က တနေ့လျှင် လိုင်းကား အစီးရေ ၈၀ မှ ၁၀၀ အထိ ဖြတ်သန်းခဲ့ရာမှ KIO နှင့် အစိုးရတပ်များအကြား တိုက်ပွဲများကြောင့် တနေ့ ၁၀ စင်းခန့်သို့ ထိုးကျသွားခဲ့ပြီးနောက် ယခုအခါ တရက်လျှင် ကား ၄၀ ကျော် ဖြတ်သန်းနေပြီဟု လိုင်ဇာလမ်းပေါ်ရှိ KIO စစ်ဆေးရေးဂိတ်တခုမှ တာဝန်ရှိသူတဦးက ပြောသည်။

သို့သော် တိုက်ပွဲဖြစ်ချိန်က လေးဆအထိ မြင့်တက်သွားခဲ့သော ကားခမှာ ယခုထိ ပြန်မကျသေးပေ။ ယခင်က တဦးလျှင်ကျပ် ၅၀၀၀ ရှိခဲ့ရာမှ ယခုအခါ နှစ်သောင်းပေးရသည်။ အလားတူပင် မြစ်ကြီးနားတွင် တရုတ်စားသောက်ကုန်ပစ္စည်းဈေးကလည်း တက်နေဆဲဖြစ်သည်။

မြစ်ကြီးနား-လိုင်ဇာလမ်း ပြေးဆွဲနေသည့် ကားအစီးရေထက်ဝက်ခန့် ပြန်တိုးများလာသော်လည်း ကားခများမှာမူ ပြန်မလျှော့သေးပါ။ ကားခဈေးတက်မှုက လိုင်ဇာမြို့တောင်ဘက် ဖြတ်လမ်းတခု ဖြစ်သော လမိုင်းယန်ကားလမ်းကို အသုံးပြုသူ ပိုများလာသည်။ လမိုင်းယန်လမ်းတွင် ကားခမှာတဦးလျှင် ၈၀၀၀ ကျပ် ဖြစ်သည်။

လက်ရှိတွင် KIO ထိန်းချုပ်နယ်မြေအတွင်း အစိုးရတပ်ဖွဲ့များ ဝင်ရောက်လာခြင်းမရှိပါက ခုခံတိုက်ခိုက်ခြင်းမပြုရန်နှင့် အစိုးရတပ်များဝင်ရောက်လာမည့်တံတားများအား ဖုံးခွဲတိုက်ခိုက်မှုမပြုလုပ်ရန် ဇူလိုင် ၃ ရက်ကတည်းက ရှေ့တန်း တပ်ဖွဲ့များကို ညွှန်ကြားခဲ့ကြောင်း KIA အရာရှိတဦးက ပြောသည်။ သို့သော် အပစ်အခတ် ရပ်ဆိုင်းခြင်း မဟုတ်ဟု သူက ဆိုသည်။

ပြီးခဲ့သည့် ဇွန် ၃၀ ရက်တွင် အစိုးရဘက်မှ ကိုယ်စားလှယ် ၃ ဦးနှင့် KIO အရာရှိများ လဂျားယန်၌ တွေ့ဆုံပြီးနောက် ညွှန်ကြားချက်ထွက်လာခြင်းဖြစ်သည်။ ဇူလိုင် ၂ ရက်တွင် မိုးညှင်းမြို့နယ်အတွင်း KIA တပ်ရင်း ၅ နှင့် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် လက်အောက်ခံ ခလရ ၁၄၁ အကြားတိုက်ပွဲငယ်ဖြစ်ပွားခဲ့ရာ အစိုးရဘက်မှ ၂ ဦးကျဆုံးခဲ့သည်ဟု KIO တွဲဘက် အတွင်းရေးမှူး ဦးလနန်က ပြောသည်။

တရုတ်-မြန်မာနယ်စပ် မိုင်ဂျာယန်၊ လိုင်ဇာစသည့် နယ်စပ်တလျှောက်တွင် စစ်ပြေးဒုက္ခသည် ၁၇၀၀၀ ခန့်ရှိနေပြီး၊ အများစုမှာမိမိနေရပ်သို့ ပြန်ရန် စိုးရိမ်နေကြသည်ဟု KIO က ပြောသည်။ အလားတူပင် တိုက်ပွဲဖြစ်မည်ကို စိုးရိမ်သဖြင့် မြစ်ကြီးနားမြို့ပေါ် တပ်ကုန်း၊ ဇီးလွန်နှင့် ပိုင်းမော်စသည့် ရပ်ကွက်များရှိ ကက်သလစ်နှင့် နှစ်ခြင်းအသင်းတော်များ၌ အနည်းဆုံး ဒုက္ခသည် ၂ ထောင်ခန့် ရှိနေသည်ဟု နှစ်ခြင်းအသင်းတော် ဆရာတဦးက ပြောသည်။

# မြန်မာသံမှူးကြီး ဦးကျော်ဝင်း ခိုလှုံခွင့်အပေါ် သံတမန်ဟောင်းအချို့အမြင်များ

**VOA । ဂျူလိုင် ၄ ။** ။ မြန်မာအစိုးရသစ်ရဲ့သက်တမ်း ရက်ပေါင်း၁၀၀ မပြည့်သေးခင်မှာပဲ နိုင်ငံခြားရေးဝန်ကြီးဌာန အကြီးတန်းအရာရှိကြီး တဦးဟာမိသားစုနဲ့တကွ အမေရိကန် ပြည်ထောင်စုမှာနိုင်ငံရေး ခိုလှုံခွင့်တောင်းခံခဲ့ပါတယ်။ ဝါရှင်တန်ဒီစီ မြန်မာသံရုံးက သံမှူးကြီး ဦးကျော်ဝင်းဟာ သူဘာကြောင့် အခုလို နိုင်ငံရေးခိုလှုံခွင့်တောင်းခံရ တယ်ဆိုတာကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Hillary Clinton) ဆီကို ဇူလိုင်လ ၄ ရက် နေ့စွဲနဲ့ စာတစောင်ပေးပို့ ရှင်းပြထားပါတယ်။ ဒီအကြောင်း အပြည့်အစုံကို မြန်မာသံ တမန်ဟောင်းတွေနဲ့ ဆက်သွယ် မေးမြန်းထားတဲ့ ဦးရော်နီညိမ်းက တင်ပြပေးထားပါတယ်။

ဝါရှင်တန်ဒီစီ မြန်မာသံရုံးက လက်ရှိမှာ ဒုတိယရာထူးအကြီး ဆုံးတာဝန်ထမ်းဆောင်နေသူ Deputy Chief of Mission သံမှူး ကြီးဦးကျော်ဝင်းက သူ့ရဲ့ကြိုးပမ်းမှုမှန်သမျှပယ်ချခံရပြီး အထက်ဌာန ဖြစ်တဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ အပြစ်တင်ခံနေရတာချည်းပဲ ဖြစ်နေ တာ ကြောင့် သူဟာ အခု ဝါရှင်တန်မှာ တာဝန်ထမ်းဆောင်ချိန်ပြည့် လို့ မြန်မာနိုင်ငံကို ပြန်သွားရင် သူ့အပေါ်မှာ အရေးယူမယ့် အလားအ လာတွေရှိနေတယ်လို့အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟီလာရီကလင် တန်ဆီကို ရေးသားတဲ့စာမှာ ဖော်ပြထားပါတယ်။

ဒီအချက်နဲ့ပတ်သက်ပြီး ၂၀၀၅ ခုနှစ်က အမေရိကန်ပြည်ထောင် စုမှာ ခိုလှုံခွင့်တောင်းခံခဲ့သူ ဝါရှင်တန်ဒီစီမြန်မာသံရုံးရဲ့သံမှူးကြီးဖြစ် ခဲ့တဲ့ ဗိုလ်မှူးဟောင်း ဦးအောင်လင်းထွဋ်က သူ့ရဲ့အတွေ့အကြုံနဲ့နှိုင်း ယှဉ်ပြီး အခုလို ပြောပြပါတယ်။

"ကျနော်တို့တွေ အမေရိကန်၊ မြန်မာ ဆက်ဆံရေးအတွက် ကြိုး စားပြီးလုပ်ကြတယ်။ ကျနော်တို့ ထိုးထိုးဖောက်ဖောက်နဲ့ ထဲထဲဝင်ဝင် အားလုံးပေါ့လေ၊ Lobby ကိစ္စတွေရော အားလုံး ကျနော်တို့ လုပ်ကြ တယ်။ ကျနော်တို့က အမေရိကန်၊ မြန်မာဆက်ဆံရေး ကောင်းမှမြန်မာ ပြည်တိုးတက်မယ်ဆိုတဲ့ လမ်းကြောင်းနဲ့ကျနော်တို့သွားခဲ့ကြတယ်။

"ဒါပေမဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပယ်ချခဲ့တဲ့ အတွက်ကြောင့် မို့၊ ကျနော်တို့တဖွဲ့လုံး အဖျက်ခံခဲ့ရတဲ့အတွက်ကြောင့် ကျနော့်အနေ နဲ့ နောက်ပိုင်း Defect လုပ်ခဲ့ရတာ။ ဦးကျော်ဝင်းတို့အပိုင်းအနေနဲ့၊ ဦးကျော်ဝင်းဆိုရင် မြန်မာပြည်ပြန်ပြီးတော့မှ တိုးတက်ဖို့၊ အမျိုးသား ပြန်လည်ရင်ကြားစေ့ဖို့အတွက်ကိုလည်း ဗမာတွေနဲ့ ထဲထဲဝင်ဝင် နီးနီး စပ်စပ် ဆောင်ရွက်သလို အမေရိကန်၊ မြန်မာဆက်ဆံရေးကောင်းဖို့ အတွက်ကိုလည်း၊ ဥပမာ ဂျွန်မက်ကိန်း (John McCain) တို့သွားတဲ့ ခရီးစဉ်တွေကအစ သူတို့ နိုင်ငံခြားရေးဝန်ကြီးကိုပဲ တိုက်ရိုက် တင်ပြရ တဲ့ အဆင့်မျိုးရှိပါတယ်။"

ဦးကျော်ဝင်းရဲ့ နောက်ဆုံးကြိုးပမ်းချက်ဖြစ်တဲ့ အမေရိကန် အ ထက်လွှတ်တော်အမတ်ဂျွန်မက်ကိန်း မြန်မာနိုင်ငံကို သွားရောက်ခဲ့တဲ့ ကိစ္စဟာလည်း ဦးကျော်ဝင်းအတွက် အထက်လူကြီးတွေရဲ့ ငြိုငြင်စရာ ဖြစ်ခဲ့တယ်လို့ ဦးအောင်လင်းထွဋ်က ပြောပါတယ်။

"ဂျွန်မက်ကိန်းခရီးစဉ်မှာကျနော်သိသလောက်အစိုးရအဖွဲ့သစ် အနေနဲ့အမေရိကန်၊ မြန်မာဆက်ဆံရေးကောင်း နေပြီဆိုတဲ့ပုံစံမျိုးဖြစ် အောင် ပြည်တွင်း ပြည်ပလုပ်ချင်ပါတယ်။ ဒီနေရာမှာ ဦး ကျော်ဝင်းတို့ အပိုင်းကလည်း အမေရိကန်၊ မြန်မာ ရိုးရိုးသားသားပေါ့ဗျာ၊ ဆက်ဆံ ရေးကောင်းမလားဆိုပြီးတော့မှ မြန်မာပြည်ကို ဂျွန်မက်ကိန်းလာဖို့အ တွက်က သူတို့ကြိုးစားပမ်းစား လုပ်ကြတယ်။

"ဒါပေမဲ့ဂျွန်မက်ကိန်းကပွင့်ပွင့်လင်းလင်းပြောတတ်တဲ့အတိုင်း ပဲ ခင်ဗျားတို့ ဒီအတိုင်းဆက်သွားနေရင် အရှေ့အလယ်ပိုင်းကကိစ္စ မျိုးတွေ အနေးအမြန်ဖြစ်လာလိမ့်မယ်ဆိုတဲ့ ထောက်ပြလိုက်တဲ့အပေါ် မှာ တော်တော်လေးကို ခါဆင်းသွားတဲ့ အနေအထားမျိုးရှိပါတယ်။"

ဂျွန်မက်ကိန်းထောက်ပြသွားတဲ့ အပေါ်မှာ မကျေမလည် ဖြစ်နေ တဲ့ မြန်မာအစိုးရခေါင်းဆောင်တွေဟာ ဂျွန်မက်ကိန်း မြန်မာပြည်ကို လာရောက်ရင် အမေရိကန်၊ မြန်မာဆက်ဆံရေး တိုးတက်မယ်လို့တင် ပြကြိုးပမ်းခဲ့တဲ့ သံမှူးကြီးဦးကျော်ဝင်းအပေါ်မှာ တရားခံရှာပုံရတယ် လို့ ဦးအောင်လင်းထွဋ်က သုံးသပ်ပါတယ်။

"ဒီအတိုင်းဖြစ်သွားတဲ့အခါမှာဒါဘယ်သူ့လက်ချက်လဲ၊ဦးကျော် ဝင်းအကြံပေးလို့သာ ငါတို့က သူ့ကိုလက်ခံခဲ့ရ တယ်ဆိုပြီးတော့ နိုင် ငံခြားရေးဝန်ကြီးဌာနအနေနဲ့ သူ့ကို ပုံချတဲ့ အနေအထားမျိုးတွေရှိပါ တယ်။ ဒီကိစ္စအတွက် သူ မြန်မာပြည်ပြန်သွားခဲ့ရင် မလွဲမသွေ အမေး အမြန်းခံရနိုင်ပါတယ်။ နောက် ကျနော်ပြောခဲ့တဲ့ ဗမာတွေနဲ့၊ အတိုက် အခံအဖွဲ့အစည်းတွေနဲ့ ဆက်ဆံရေးသူ့အနေနဲ့ ပြန်ပြီးတော့မှ စစ်ဆေး ခံရနိုင်တဲ့ အနေအထားမျိုးရှိတဲ့ အတွက်ကြောင့် Defect လုပ်တယ်လို့ ကျနော် ထင်ပါတယ်။"

လန်ဒန်မြို့မှာ နေထိုင်တဲ့ သံတမန်ဟောင်း ဦးခင်မောင်ကြည် ကတော့ ဦးကျော်ဝင်းရဲ့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဆီကို ပေး ပို့တဲ့စာမှာ တင်ပြထားတဲ့ ဒုတိယအချက်၊ နိုင်ငံခြားရေး ဝန်ကြီးဌာနက ဝန်ထမ်းတွေရဲ့ မညီမမျှဖြစ်နေတဲ့ အနေအထားကို အခုလို သုံးသပ်ပြ ပါတယ်။

"ကိုကျော်ဝင်းက သံမှူးကြီး၊ ဝါရှင်တန်ကနေ ဒီဘက်ကိုခိုလှုံလာ တာကို ကျနော့်အနေနဲ့ ကြိုလည်းကြိုဆိုတယ်၊ဝမ်းလည်းသာတယ်၊ ချီးလည်း ချီးကျူးတယ်။ သူ့စာ ကျနော်လည်းဖတ်ရတယ်။ အဲဒီအချက် တွေထဲ အဓိကကတော့ စစ်ဗိုလ်နဲ့အရပ်သားခွဲတယ်၊ဟုတ်တယ်။

"ဥပမာဆိုရင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့သားမက် ကိုဇော်ဖြိုး ဝင်း၊ သူက မင်္ဂလာဆောင်ပြီး သိပ်မကြာဘူး နိုင်ငံခြားရေးရုံးကိုရောက် တယ်။ အခု ကုမင်းမှာကောင်စစ်ဝန်ချုပ်ဖြစ်နေတယ်။ ကိုကျော်ဝင်း တို့က နှစ် ၃၀ လောက်ရှိပြီ နိုင်ငံခြားရေးမှာ။ ကြိုးကြိုးစားစားလုပ်နေ တာ။ ပညာလည်းတတ်တယ်၊ အရည်အချင်းလည်းရှိတယ်။ သူတို့ကို ကျော်ပြီးတော့ မနေ့တနေ့က ဝင်လာတဲ့သူတွေကို ကျော်ကျော်ပေး လိုက်တာ။ အဲဒါတွေ မတရားမှုတွေက အများကြီးရှိတယ်။"

သံမှူးကြီးဦးကျော်ဝင်း နိုင်ငံရေးခိုလှုံခွင့် တောင်းခံခဲ့တဲ့ ကိစ္စအ တွက် မြန်မာနိုင်ငံ နေပြည်တော်က နိုင်ငံခြားရေးဝန်ကြီးဌာနကို ဗွီအို အေက ဆက်သွယ်မေးမြန်းတဲ့အခါ အခုလို တုံ့ပြန်ပါတယ်။

"အဲဒါ ကျနော်တို့မှာ ဘာမှမပြောနိုင်ဘူးခင်ဗျ။ ကျနော်တို့က မသိဘူးခင်ဗျ။ ကျနော်တို့လည်း Comment လည်း ပေးလို့မရလို့ပါ။"

# ဘီဘီစီ ရေဒီယို ဖိုး အစီအစဉ်မှာ ဒေါ်အောင်ဆန်းစုကြည် ထပ်မံဟောပြော

**RFA ၊ ဂျူလိုင် ၆ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ရပ်တည်မှုနဲ့ ပတ်သက်လို့ အစိုးရ ပြည်ထဲရေး ဝန်ကြီးဌာနက ဥပဒေနဲ့ မညီဘူးလို့ ပြောပေမယ့် အဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က သူ့ပါတီဟာမြန်မာနိုင်ငံမှာတရားဝင်ရပ်တည်နေတဲ့ပါတီဖြစ်တယ်လို့ဘီဘီစီ ရေဒီယို ဖိုး အသံလွှင့် အစီအစဉ်မှာ မနေ့က ပြောကြားလိုက်ပါတယ်။

၂၀၁၁ ခုနှစ်အတွက် ဘီဘီစီ ရေဒီယို- ဖိုး၏ Reith Lectures အစီအစဉ်တွင် အာဏာရှင်အုပ်ချုပ်မှုအောက်မှ ဒီမိုကရေစီရေးလှုပ်ရှားမှုအကြောင်း ဒေါ်အောင်ဆန်းစုကြည် ပါဝင်ဟောပြောသည်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ဒုတိယပိုင်းဟောပြောချက်မှာမြန်မာနိုင်ငံက အတိုက်အခံလှုပ်ရှားမှုတွေ အကြောင်းကို နိုင်ငံတကာက အတိုက်အခံတွေ လှုပ်ရှားမှုတွေနဲ့ နှိုင်းယှဉ်ပြောပြသွားပါတယ်။ အထူးသဖြင့် ၁၉၈၈ ခုနှစ် စစ်အာဏာ သိမ်းပြီးနောက်နှစ်ပေါင်း ၂၃ နှစ်တာကာလအတွင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဘယ်လိုရပ်တည်လှုပ်ရှားနေသလဲ ဆိုတာလည်း ရှင်းပြသွားပါတယ်။

NLD ဟာ တရားမဝင် အဖွဲ့အစည်း မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံမှာရှိတဲ့ တရားမဝင် အဖွဲ့အစည်းဆိုင်ရာ ဥပဒေနဲ့ NLD ငြိစွန်းနေတာမျိုး မရှိလို့ပါလို့ ဒေါ်အောင်ဆန်းစုကြည်က ပြောပါတယ်။ နောက်ပြီး NLD ရဲ့ အခန်းကဏ္ဍနဲ့ပတ်သက်လို့ ပြောဆိုတဲ့အခါမှာ ရွေးကောက်ပွဲအနိုင်ရပါတီကနေ အတိုက်အခံပါတီဖြစ်လာပုံကိုရှင်းပြပါတယ်။ ရွေးကောက်ပွဲနဲ့ပတ်သက်ရင် မတရားဖျက်သိမ်းတာ၊ ရွေးကောက်ပွဲရလဒ်ကို အငြင်းပွားတာ၊ ဒါမှမဟုတ်လျစ်လျူရှုတာ၊ စတဲ့ နိုင်ငံတွေ ရှိပါတယ်။

ဒါပေမယ့် အာဏာပိုင်တွေ ကိုယ်တိုင် ရွေးကောက်ပွဲရလဒ်ကို တရားဝင်ကြေညာပြီးမှ အကောင်အထည်မဖော်ခဲ့တဲ့ နိုင်ငံဆိုလို့မြန်မာနိုင်ငံတနိုင်ငံပဲရှိပါတယ်။ ဒါကြောင့် အင်န်အယ်လ်ဒီဟာ ၁၉၉၀ ရွေးကောက်ပွဲမှာ အနိုင်ရ ပါတီကြီးဖြစ်ပေမယ့် အာဏာလွှဲပေးတာ မခံရဘဲ စစ်အုပ်ချုပ်ရေးအောက်မှာ အတိုက်အခံဆိုတဲ့ အနေအထားကို ရောက်လာတာဖြစ်တယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောသွားပါတယ်။

နောက်ပြီးမြန်မာ့လွတ်လပ်ရေး လှုပ်ရှားမှုသမိုင်းကြောင်းနဲ့ဒီမိုကရေစီရေးလှုပ်ရှားမှု သမိုင်းကြောင်းတွေကိုလည်းပြောပြပါတယ်။ ဒီ့အပြင် ဒီလှုပ်ရှားမှုတွေကို သူဘယ်လို သုံးသပ်ရှုမြင်သလဲဆိုတာကို ရှင်းပြသွားပါတယ်။ ဒါကြောင့် ဒီဒုတိယပိုင်း ဟောပြောချက်ဟာ မြန်မာ့အရေးစိတ်ဝင်စားတဲ့ နိုင်ငံတကာပရိသတ်တွေအတွက် ပိုပြီးစိတ်ဝင်စားဖွယ်ကောင်းစေတယ်လို့ ကိုယ်တိုင်တက်ရောက်နားထောင်ခဲ့သူ လန်ဒန်မြို့မှာနေထိုင်တဲ့ ပန်းချီအနုပညာရှင် ကိုထိန်လင်းကပြော ပါတယ်။

တတ်ရောက်နားထောင်တဲ့ပရိသတ်တွေဟာ နယ်ပယ်စုံကလာတာတွေ့ရတယ်။ ပညာရှင်၊ လူ့အခွင့်အရေး လှုပ်ရှားသူတွေ၊ သတင်းထောက်တွေပါတယ်။ မြန်မာနိုင်ငံသားတယောက်အနေနဲ့ ဂုဏ်ယူမိတယ်လို့ကိုထိန်လင်းက ပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဟောပြောပို့ချချက်ကို တက်ရောက်နားထောင်ခဲ့တဲ့ သတင်းထောက်တဦးကလည်း သူ ဆီးရီးယားနိုင်ငံမှာ အခုဖြစ်နေတဲ့ အစိုးရအတိုက်အခံလှုပ်ရှားမှုတွေကို သတင်းသွားယူတုန်းကဆိုရင် ဆီးရီးယားပြည်သူတွေဟာ ဒေါ်အောင်ဆန်းစုကြည်ကိုစံနမူထားလေးစားကြည်ညိုတာတွေ့ခဲ့ရတယ်လို့ပြောပြသွားပါတယ်။

ဒါကြောင့် ဒေါ်အောင်ဆန်းစုကြည်ကို မြန်မာအစိုးရ အာဏာပိုင်တွေက နှစ်ပေါင်းများစွာ ချုပ်နှောင်တားဆီးထားပေမယ့် သူရဲ့ယုံကြည်ချက်၊ သန္နိဋ္ဌာန်ခိုင်မာမှုတွေဟာ ကမ္ဘာတလွှားက ဒီမိုကရေစီရေးနဲ့ လူ့အခွင့်အရေးလှုပ်ရှားသူတွေအတွက် မီးရှူးတန်ဆောင်ဖြစ်နေတယ်လို့ ဟောပြော ပို့ချချက် စီစဉ်သူတွေက မှတ်ချက်ပေးပြောဆိုသွားပါတယ်။

---

# ICRC အကျဉ်းထောင်တွင်းဝင်ခွင့်ရ

**BBC ၊ ဂျူလိုင် ၆ ။** ။ လွန်ခဲ့တဲ့ ၂၀၀၅ ခုနှစ် ကတည်းက မြန်မာအကျဉ်း ထောင်တွေထဲကို သွားရောက်ခွင့် ပိတ်ပင်ခံထားရတဲ့ အိုင်စီအာစီ ကမ္ဘာ့ကြက်ခြေနီအဖွဲ့ဟာ အခု ဇူလိုင်လဆန်းကစတင်ပြီး အကျဉ်းထောင်တွေဆီ သွားရောက်ခွင့်ရခဲ့ပါတယ်။

ခြောက်နှစ်အတွင်း ပထမဆုံးအကြိမ် ထောင်တွေထဲ သွားကြည့်ခွင့်ရပြီးခဲ့တဲ့ ဇူလိုင်လ ၁ ရက်နဲ့ ၂ ရက်နေ့တုံးက ဖားအံ၊ မော်လမြိုင်နဲ့ မြောင်းမြထောင်တို့ကို အိုင်စီအာစီဝန်ထမ်းတွေ သွားရောက် နိုင်ခဲ့ကြပါတယ်။မြန်မာ အကျဉ်းထောင်တချို့ကို ၆ နှစ်အတွင်းပထမဆုံးအကြိမ်သွားရောက်ခွင့် ရခဲ့တာအပေါ် အပြုသဘော ကြိုဆိုတယ်လို့ အိုင်စီအာစီရဲ့ အရှေ့အာရှ၊ အရှေ့တောင်အာရှနဲ့ ပစိဖိတ်ရေးရာဒေသ ပြောရေးဆိုခွင့်ရှိသူ ဖိလစ်စတောလ်က ဘီဘီစီကို ပြောပါတယ်။

ဒါပေမယ့် အခုရတဲ့ ဆန်းစစ်ခွင့်ကတော့ အိုင်စီအာစီရဲ့ ထုံးစံအရ အကျဉ်းထောင်တွေကို အပြည့်အဝသွားရောက် စစ်ဆေးနိုင်တဲ့ အခြေအနေမျိုးမဟုတ်သေးပါဘူး။ အကျဉ်းသားတွေကိုတော့ မတွေ့နိုင်သေးပဲ ထောင်ရဲ့ ရေရရှိမှုနဲ့သန့်ရှင်းရေးဆိုင်ရာ ယေဘုယျ အခြေအနေတွေကိုသာ သွားရောက်လေ့လာနိုင်ခဲ့တယ်လို့ ကြက်ခြေနီအဖွဲ့ ပြောခွင့်ရ ပုဂ္ဂိုလ်က ဆိုပါတယ်။

အိုင်စီအာစီဟာ ၁၉၉၉ ခုနှစ်ကနေ ၂၀၀၅ထိအကျဉ်းသားတွေကို ကျန်းမာရေးအပါအဝင် အကူအညီအမျိုးမျိုးပေးနိုင်ခဲ့ပါတယ်။ ၂၀၀၅ နောက်ပိုင်းမှာတော့ အစိုးရရဲ့ ကန့်သတ်ချက်တွေကြောင့် သွားရောက်နိုင်ခြင်းမရှိခဲ့တော့ပါဘူး။

အဲဒီတုန်းက ကန့်သတ်ချက်တွေထဲမှာ ပြည်ထောင်စုကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့နဲ့အတူ ပူးတွဲသွားရမယ်ဆိုတဲ့ အချက်လည်း ပါဝင်ပါတယ်။ အိုင်စီအာစီကို အခု အချိန်မှာ အကျဉ်းထောင်တွေထဲ ပြန်လည်ဝင်ခွင့်ပေးခဲ့တာ ဘာကြောင့်လဲဆိုတာ မသိရပေမဲ့ အခုလို အဆင့်ကနေ နောင်မှာ အပြုသဘောဆောင်တဲ့ အဆင့်တွေအထိ ပိုမိုတက်လှမ်းသွားနိုင်မယ်လို့ မျှော်လင့်ကြောင်း အဖွဲ့ ပြောခွင့်ရ ပုဂ္ဂိုလ်က ပြောပါတယ်။

# ယူနန် – ကချင်နယ်စပ်ဒေသ မတည်မငြိမ်ကြားက နယ်စပ်ကုန်သွယ်ရေး

**VOA | ဇူလိုင် ၂။** ။ ယူနန်-ကချင် နယ်စပ်ဒေသမှာ မတည်မငြိမ် ဖြစ်နေရင် တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေးကို ထိခိုက်မှာသေချာပါတယ်။ ကေအိုင်အို-ကချင်လွတ်မြောက်ရေးအဖွဲ့နဲ့ ဗမာအစိုးရတို့ အပစ်အခတ်ရပ်စဲခဲ့တဲ့ (၁၇) နှစ်အတွင်းမှာ ယူနန်မြန်မာ ကုန်သွယ်ရေး အရှိန်အဟုန်နဲ့ တိုးပွားလာပါတယ်။ အခု ကေအိုင်အိုဌာနချုပ် အခြေစိုက်တဲ့ လိုင်ဇာနယ်ခြားမြို့လေးဟာ ၁၉၉၄ခုနှစ်မတိုင်မီကလူဦးရေ ၁ ထောင်လောက်သာရှိတဲ့ တောရွာက လေးတရွာသာ ဖြစ်ပါတယ်။ အခုတော့ လိုင်ဇာဟာ လူဦးရေ ၅ သောင်းကျော်ရှိတဲ့ ခေတ်မီ နယ်စပ်မြို့ကလေး တမြို့ဖြစ်နေပါတယ်။

အိမ်နီးချင်းနိုင်ငံနဲ့ ဆက်နေတဲ့ တရုတ်ပြည်နယ်တွေ တိုးတက်ဖွံ့ဖြိုးရေးမှာ နယ်စပ်ကုန်သွယ်ရေးဟာ အဓိက အခန်းကပါဝင်တယ်လို့ တရုတ်အစိုးရက ယူဆပါတယ်။ တရုတ်-မြန်မာနယ်စပ် ကုန်သွယ်ရေး မြှင့်တင်ဖို့ ၁၉၉၂ ခုနှစ်အစောပိုင်းက ဘေဂျင်းနဲ့ ကူမင်မှာ ကြေညာပြီး (၂) နှစ်အကြာ ၁၉၉၄ ခုနှစ်မှာ KIO နဲ့ ဗမာအစိုးရ အပစ်အခတ်ရပ်စဲနိုင်ခဲ့ပါတယ်။ ကချင်ပြည်နယ်က သဘာဝသယံဇာတတွေကို ထုတ်ယူဖို့ တရုတ်ကုမ္ပဏီတွေကို အခွင့်အလမ်းဖွင့်ပေးလိုက်သလို ဖြစ်သွားပါတယ်။ လိုင်ဇာ၊ မူဆယ်၊ လွယ်ဂျေ၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီတွေဟာ အရေးကြီးတဲ့ နယ်စပ်ကုန်သွယ်ရေး ဂိတ်စခန်းတွေ ဖြစ်လာပါတယ်။

KIO ကချင်လွတ်မြောက်ရေးအဖွဲ့နဲ့ ဗမာစစ်အစိုးရတို့ အပစ်အခတ်မရပ်စဲမီ တနှစ်အလို ၁၉၉၃ ခုနှစ် မှာ ယူနန်ပြည်နယ် ယင်ဂျန်မြို့က လိုင်ဇာအထိ ကားလမ်းဖောက်လုပ် ပြီးစီးတာကိုကြည့်ရင် လိုင်ဇာကို တံခါးပေါက်အဖြစ် တရုတ်က သဘောထားတာ သိသာပါတယ်။ အပစ်အခတ် ရပ်စဲပြီးတဲ့ နောက်ပိုင်း လိုင်ဇာ-မြစ်ကြီးနား ကားလမ်းကို KIO က ဆောက်တဲ့အတွက် အရင် (၃) ရက်ကြာတဲ့ ခရီးကို (၃) နာရီနဲ့ သွားနိုင်ပါတယ်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာတာနဲ့အတူ ယူနန်-မြန်မာနယ်စပ်ကုန်သွယ်ရေး အရှိန်အဟုန်နဲ့ တိုးတက်လာပါတယ်။ ၂၀၀၁ ခုနှစ်ကစပြီး ကုန်သွယ်ရေးပြပွဲကို နယ်စပ်မြို့တွေမှာ နှစ်စဉ်ကျင်းပပြီးနယ်စပ်ကုန်သွယ်ရေးအဆက်မပြတ်တိုးတက်ရှင်သန်နေအောင် ကြိုးပမ်းကြပါတယ်။

သစ်တောထွက်ပစ္စည်း၊ လယ်ယာထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သတ္တုရိုင်း၊ ကျောက်မျက်ရတနာ၊ ရာဘာစတဲ့ ကုန်ကြမ်းပစ္စည်းနဲ့ စားကုန်ပစ္စည်းတွေကို မြန်မာဘက်ကတင်ပို့ပြီး စက်မှုပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ အထည်အလိပ်၊ ဆေးဝါးနဲ့ နေ့စဉ်သုံးကုန်ချောပစ္စည်းတွေကို တရုတ်ဘက်က တင်သွင်းပါတယ်။ KIO ရဲ့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ တရုတ်ကုမ္ပဏီကို အများဆုံးအသုံးပြုပါတယ်။ အပစ်အခတ်မရပ်စဲမီက လိုင်ဇာမှာ အဆောင်အဦး (၄/၅) ခုသာရှိပါ တယ်။ ယူနန်ကို သစ်တင်ပို့မှု အရှိန်ကောင်းနေချိန် လိုင်ဇာမှာ အဆောက်အဦးတွေ မှိုလိုပေါ်ပေါက်လာတာဖြစ်ပါတယ်။ အခုတော့ လိုင်ဇာဟာ ကချင်၊ မြန်မာ၊ ရှမ်းနဲ့ တရုတ်တွေ စီးပွားရာတဲ့ ကချင်ပြည်နယ်ရဲ့အထူးစီးပွားရေးနယ်မြေ ဖြစ်နေပါပြီ။

မြန်မာဟာယူနန်ရဲ့အကြီးဆုံးကုန်သွယ်ဘက်ဖြစ်ပါတယ်။ယူနန်ရဲ့ နယ်စပ်ကုန်သွယ်ရေးမှာ မြန်မာနဲ့ ကုန်သွယ်တာ (၈၀) ရာခိုင်နှုန်းဟာ ယူနန်-ကချင်နယ်စပ်ဖြစ်ပါတယ်။ ဒါကြောင့် KIO နဲ့ ဗမာအစိုးရတိုက်ခိုက်ကြလို့ နယ်စပ်ဒေသမတည်မငြိမ် ဖြစ်လာတဲ့အတွက်အများဆုံး နစ်နာဆုံးရှုံးသူဟာ ယူနန်ပြည်နယ် ဖြစ်ပါလိမ့်မယ်။ တရုတ်-မြန်မာ ကုန်သွယ်ရေးမှာ (၅၀) ရာခိုင်နှုန်းကျော်ဟာ နယ်စပ်ကုန်သွယ်ရေးပါ။ မြန်မာပြည်ထဲဝင်တဲ့ ကားလမ်း (၇) လမ်းကိုလည်းယူနန်ဘက်မှာ ဆောက်လုပ်ပြီးဖြစ်ပါတယ်။ မြန်မာပြည်ရဲ့အခြေခံ အဆောက်အအုံတွေကို တည်ဆောက်ရာမှာ အများဆုံးကန်ထရိုက်ရသူဟာ ယူနန်အစိုးရဖြစ်ပါတယ်။ တရုတ်ပို့ကုန်သွင်းကုန် ဘဏ်ကြီးကငွေထုတ်ပေးပြီး ယူနန်အစိုးရက လုပ်ငန်းအကောင်အထည် ဖော်ပါတယ်။

နေပြည်တော်ကို မီးပေးနေတဲ့ ပေါင်းလောင်းရေအားလျှပ်စစ်ကို အစအဆုံးတာဝန်ယူတည်ဆောက်ပေးသူဟာ ယူနန်ပြည်နယ် အစိုးရဖြစ်ပါတယ်။ အဲဒီနောက်ပိုင်း ရဲရွာ၊ ရွှေလီ၊ ဧရာဝတီစတဲ့နေရာတွေမှာ ရေအားလျှပ်စစ်တည်ဆောက်ဖို့ ဗမာနဲ့တရုတ်အစိုးရတို့သဘောတူကြပါတယ်။ ဧရာဝတီနဲ့ သံလွင်မှာ ရေကာတာ (၂၀)ကျော်နဲ့ ရေအားလျှပ်စစ်စက်ရုံတွေ တည်ဆောက်ပြီးယူနန်ပြည်နယ်နဲ့ ထိုင်းနိုင်ငံကို လျှပ်စစ်ဓါတ်အားရောင်းစားဖို့ ဗမာအစိုးရကရည်ရွယ်ပါတယ်။ မြစ်ကြီးနားမြို့အနီးကမြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းဟာအကြီးဆုံးဖြစ်လို့ ဒေသခံတိုင်းရင်းသားတွေ နေရာဖယ်ပေးရတဲ့အပြင် သဘာဝပတ်ဝန်းကျင် ပြောင်းလဲတဲ့ဒဏ်ကိုပါ စတင်ခံစားနေကြရပါတယ်။ မိမိတို့ အိုးအိမ်နဲ့ယဉ်ကျေးမှုဓလေ့တွေကို အန္တရာယ်ပြုလာတဲ့ မြစ်ဆုံရေကာတာ စီမံကိန်းကို ဒေသခံတွေက အတိအလင်း ကန့်ကွက်ကြပါတယ်။

မြစ်ဆုံစီမံကိန်းရပ်ဆိုင်းဖို့ကချင်ခေါင်းဆောင် (၁၂)ဦးက ၂၀၀၇ မှာ ဗိုလ်ချုပ်ကြီးသန်းရွှေ ဆီကို စာရေးမေတ္တာရပ်ခံခဲ့ကြပါတယ်။ ကချင်လွတ်မြောက်ရေးအဖွဲ့ကလည်း မြစ်ဆုံဆည်ကြောင့် စစ်ဖြစ်နိုင်ပုံကို တရုတ်သမ္မတဆီကို စာရေးပြီး အကြောင်းကြားထားခဲ့ပါတယ်။ ယူနန်ကချင်နယ်စပ်တည်ငြိမ်ရေးမှာ ယူနန်ပြည်နယ် စီးပွားရေး၊ ကချင်အမျိုးသားရေး နဲ့ ဗမာအစိုးရ အာဏာပြနိုင်ရေးစတာတွေ ဆက်စပ်နေတာမို့ စစ်ဖြစ်ပြီဆိုရင် သက်ဆိုင်သူအားလုံး အနည်းနဲ့အများ ဆုံးရှုံးနစ်နာကြမှာ ဖြစ်ပါတယ်။

---

**စာမျက်နှာ ၂ မှ**

ဘယ်လိုစည်းမျဉ်းတွေ သတ်မှတ်ထားလဲဆိုတာ နားမလည်နိုင်ဘူး။ သူကလည်း သူ့နည်းသူ့ဟန်နဲ့ တက်တက်ကြွကြွ လိုက်လုပ်ပေးနေတာ။ သူ့ကိုတော့ ဟိုက ဘာပြောလဲ မသိဘူး။ ကျနော်တို့သိတာက ဦးမြင့်ဒီနေ့လာဖို့ရာ အဆင်မပြေပါဘူး။ အစီအစဉ်ကို ရွှေ့ဆိုင်းပါတယ်လို့ပဲ သိရပါတယ်" ဟု သူက ဆိုသည်။

ဒေါက်တာဦးမြင့်အနေဖြင့် သူ၏ ဆင်းရဲမွဲတေမှု ပပျောက်ရေး စာတမ်းနှင့်ပတ်သက်၍ လိုက်လံ၍ ရှင်းလင်းပွဲများ၊ ဆွေးနွေးပွဲများပြုလုပ်နေသည့်နည်းတူ NLD ရုံးချုပ်တွင်လည်း ရှင်းလင်း ဆွေးနွေးလိုကြောင်း ကမ်းလှမ်းလာခဲ့ရာ NLD သုတေသနနှင့် စီးပွားရေးကျွမ်းကျင်သူ ဦးစိုးဝင်းထံမှတဆင့် စီစဉ်ခဲ့ကြောင်း ဦးတင်ဦးက ပြောပြသည်။

# ထိုင်းရွေးကောက်ပွဲ ရင်လုဲ ရှင်နာဝပ်အနိုင်ရရှိမှု ဒေါ်အောင်ဆန်းစုကြည် ကြိုဆို

**VOA ၊ ဂျူလိုင် ၅ ။** ။ ထိုင်းနိုင်ငံမှာ အတိုက်အခံ အမျိုးသမီးခေါင်းဆောင် YinLuck Shinawatra ဦးဆောင်တဲ့ Pheu Thai ပါတီအနိုင်ရသွားတာဟာ ဒီမိုကရေစီ စနစ်အရ လူထုရဲ့ မှန်ကန်တဲ့ရွေးချယ်မှုဖြစ်တာမို့ မြန်မာ့ဒီမိုကရေစီရေးလှုပ် ရှားသူတွေက ကြိုဆိုကြပါတယ်။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကလည်း အမျိုးသမီးခေါင်းဆောင်တဦး အာဏာရလာတဲ့အတွက် ကြိုဆိုလိုက်ပြီး ထိုင်း၊ မြန်မာနှစ်နိုင်ငံဆက်ဆံရေးမှာ ပြည်သူချင်း ဆက်ဆံရေးကောင်းမွန်ဖို့ မျှော်လင့်တယ်လို့ပြောဆိုသွားပါတယ်။ အပြည့်အစုံကို စုံစမ်းမေးမြန်းထားတဲ့ ကိုသားညွန့်ဦးက တင်ပြပေးထားပါတယ်။

ထိုင်းနိုင်ငံရဲ့ အမျိုးသမီးအတိုက်အခံခေါင်းဆောင် ရင်လုဲ ဦးဆောင်တဲ့ ဖွေထိုင်းပါတီဟာ ထိုင်း အောက်ခြေလူတန်းစားတွေ၊ တောနေလူထုနဲ့လယ်သမားထုရဲ့ ထောက်ခံမှုကိုရတဲ့ပါတီဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီရွေးကောက်ပွဲဟာ ဒီမိုကရေစီစနစ်အရ လူထုအများစုရဲ့ရွေးချယ်မှုအမှန်ဖြစ်တယ်လို့ မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားသူတွေကမြင်ကြပါတယ်။ ဒီမိုကရေစီနည်းအရ လူထုကရွေးချယ် တင်မြှောက်တဲ့ အစိုးရကို ကြိုဆိုရမှာဖြစ်သလို အမျိုးသမီးခေါင်းဆောင်တဦး အခုလိုအာဏာရတဲ့အတွက်လည်း နှစ်သက်မိ တယ်လို့ပုဂံမြို့ကိုဘုရားဖူးရောက်နေတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကပြောပါတယ်။ ထိုင်း၊ မြန်မာဆက်ဆံရေး ပိုကောင်းလာဖို့အတွက်လည်း မျှော်လင့်တဲ့အကြောင်း ပြောသွားပါတယ်။

"အန်တီတို့နိုင်ငံနဲ့တော့ ပိုပြီးတော့ ဆက်သွယ်ရေး၊ ဆက်ဆံရေး ကောင်းမယ်လို့ မျှော်လင့်ပါတယ်။"

ဒီမိုကရက်တစ်ပါတီ (မြန်မာ) ရဲ့ ဥက္ကဋ္ဌဖြစ်သူ ဦးသုဝေကလည်း အတိုက်အခံအမျိုးသမီးခေါင်းဆောင် ရင်လုဲ အနိုင်ရတာကို ကြည့်မယ်ဆိုရင် လူထုက သူတို့အပေါ် ဖိနှိပ်တယ်ထင်တဲ့ အစိုးရမှန်သမျှကိုလက်ခံမှာ မဟုတ်ဘူးဆိုတာ ပြသနေတာလို့ ပြောပါတယ်။ မြန်မာအစိုးရပိုင်းနဲ့ ဆက်ဆံရေးပိုင်းမှာတော့ သိသာထင်ရှားတဲ့ ပြောင်းလဲမှု မရှိနိုင်ဘူးလို့ သူက ယူဆပါတယ်။

"ထိုင်းက ဘယ်အစိုးရပဲ တက်တက်ပါ၊ မြန်မာနိုင်ငံနဲ့တော့ အကျိုး ရှိမယ်လို့ပဲယူဆပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရင်လုဲကလည်း သူ့အကိုလက်ထက် ကတည်းကလည်း မြန်မာပြည်နဲ့ တော်တော်နီးနီးစပ်စပ်လုပ်ခဲ့တာပဲ။ အဲတော့ ကျနော်ယူဆတာကတော့ ဘယ်အစိုးရပဲတက်တက် ထိုင်းနိုင်ငံက မြန်မာနဲ့ပတ်သက်လို့ အကျိုးအများကြီးရှိတဲ့ တိုင်းပြည်ပဲ။ အဲဒီတော့ မြန်မာနဲ့ရင်းနီးအောင်၊ ပိုပြီးတော့ ကောင်းအောင် လုပ်မှာပဲလို့ ယူဆပါတယ်။"

ထိုင်းနိုင်ငံဟာ ပြည်ပရောက် မြန်မာအတိုက်အခံလှုပ်ရှားသူတွေ အဓိက ပတ်သက်နေရတဲ့နေရာ ဖြစ်တာမို့လည်း ထိုင်းအစိုးရ အပြောင်းအလဲတိုင်းဟာ ပြည်ပရောက် မြန်မာလှုပ်ရှားသူတွေ အတွက်လည်းအရေးပါနေတယ်လို့ပြောရမှာပါ။ အနိုင်ရတဲ့ရင်လုဲရဲ့အကိုဖြစ်သူ ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ် (Thaksin Shinawatra) လက်ထက်အတွင်းမှာ ထိုင်းအစိုးရနဲ့ မြန်မာအစိုးရအကြား စီးပွားရေးဆက်ဆံမှုတွေ အတော်လေး ကောင်းခဲ့ပါတယ်။ ပြည်ပရောက် အတိုက်အခံတွေနဲ့ ပိုနီးစပ်တာကလည်း အခုရှုံးနိမ့်သွားတဲ့ ဒီမိုကရက်အစိုးရဖြစ်ပါတယ်။ ပြည်ပရောက် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်လွတ်မြောက်နယ် မြေ နိုင်ငံခြားဆက်ဆံရေးတာဝန်ခံ ဦးညိုအုန်းမြင့်ကတော့ အခုအ တိုက်အခံတွေ အနိုင်ရတာဟာ ထိုင်းစစ်တပ်အပေါ် သင်ခန်းစာတရပ် ဖြစ်စေမယ်လို့ မြင်ပါတယ်။

"ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင် ဒီမိုကရက်ပါတီက ကျနော်တို့နဲ့ရင်းနီးတဲ့ပါတီဖြစ်ပါတယ်။ ဒါပေမဲ့ ပြည်သူလူထုက နေပြီးတော့ စစ်တပ်ကနေ အတင်းအကျပ် ဖိအားပေးပြီးတော့နိုင်ငံတော်အာဏာကို ယူထားတဲ့အပေါ်မှာ ထိုင်းပြည်သူတွေက နေပြီးတော့စစ်တပ်ကို ပထမဆုံးသင်ခန်းစာပေးလိုက်တယ်လို့ပြောလို့ရပါတယ်။ အဲဒီ သင်ခန်းစာကတော့ ဒီမိုကရေစီဆိုတာ ပြည်သူရဲ့ရွေးချယ်မှုဖြစ်တယ် ဆိုတဲ့ဟာဖြစ်ပါတယ်။ အဲဒီအတွက် ဒီမိုကရေစီအရဆိုရင်တော့ ကျနော်တို့ ထိုင်းနိုင်ငံရဲ့ နိုင်ငံရေးအပြောင်းအလဲကို ကြိုဆိုရမှာ ဖြစ်ပါတယ်။

"ဒါပေမဲ့ တဘက်မှာလည်း အနီရယ်၊ အဝါရယ်ဆိုပြီး ကွဲပြားမှုအင်မတန် ကြီးနေတဲ့ ထိုင်းနိုင်ငံရေး အနေအထား၊ နောက် ပြည်သူတွေကြားထဲမှာကို အယူအဆ ၂ ခု ကွဲပြားနေတာက ထိုင်းနိုင်ငံရဲ့ အနာဂတ်အတွက် အန္တရာယ်ရှိသေးတယ်လို့ ကျနော်ထင်ပါတယ်။"

အခု ရင်လုဲတို့ပါတီက အရင်ကဆို သက်ဆင်ရှင်နာဝပ်ကို လိုလားတဲ့ အုပ်စုတွေပေါ့၊ သူတို့ ပြန်ပြီး အနိုင်ရသွားတဲ့ အတွက်ကြောင့် ထိုင်းနိုင်ငံမှာရှိတဲ့ မြန်မာအတိုက်အခံတွေနဲ့ ဆက်ဆံရေး အလားအလာရော ဘယ်လိုရှိပါသလဲ။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာအတိုက်အခံတွေနဲ့ ဒီမိုကရက်က ပိုနီးစပ်လေ့ရှိတာကိုး။

"ဟုတ်ပါတယ်။ ဒါလည်း အင်မတန် စိုးရိမ်စရာကောင်းတဲ့ အ ချက်တချက်ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ပြီးခဲ့တဲ့ ရုပ်နီလှုပ်ရှားမှုမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ စစ်တပ်နဲ့ပတ်သက်ပြီး ဝေဖန်ထားတဲ့အပေါ်မှာ ရုပ်နီအတော်များများက ဒေါ်အောင်ဆန်းစုကြည် အပေါ်မှာ ထောက်ခံမှုရှိတယ်ဆိုတာ တွေ့ရပါတယ်။ နောက်တခုက ထိုင်းနိုင်ငံမှာတနိုင်ငံလုံးက ဒေါ်အောင်ဆန်းစုကြည်အပေါ်မှာ အင်မတန်မှ ကြည်ညိုလေးစားမှုရှိတဲ့အတွက်ကြောင့် ဒေါ်အောင်ဆန်းစုကြည်ရဲ့ မျက်နှာရှိသ၍ကတော့ ပက်ပက်စက်စက်လုပ်ဖို့ သူတို့မှာ အခက်အခဲရှိမယ်လို့ ထင်ပါတယ်။"

ထိုင်းနိုင်ငံတွင်း ပုံစံမျိုးစုံနဲ့ ရောက်ရှိနေကြတဲ့ မြန်မာတွေ၊ မြန်မာအလုပ်သမားတွေကို ကောင်းကောင်းမွန်မွန် စောင့်ရှောက်ပေးဖို့လည်း ထိုင်းအာဏာပိုင်တွေနဲ့အခုရွေးကောက်ပွဲအနိုင်ရထိုင်းနိုင်ငံရေးအင်အားစုတွေကို ဒေါ်အောင်ဆန်းစုကြည်ကတိုက်တွန်းခဲ့ပါတယ်။

"ကျမတို့က ဒီအချိန်မှာ ထိုင်းကို မှီခိုနေရတဲ့သူတွေ ဖြစ်ပေမဲ့လည်း တချိန်တခါမှာ ကိုယ့်ဘက်ကနေပြီးတော့ ပြန်ပြီးတော့ကူညီနိုင်မယ့် လက်တွဲပြီး လုပ်ဆောင်ဖို့ အခွင့်အရေးတွေလည်းရမယ်လို့ ယုံကြည်လို့ ဒီအချိန်မှာ ကျမတို့ရဲ့ပြည်သူတွေကို မေတ္တာကရုဏာနဲ့ဆက်ဆံပါလို့ တိုက်တွန်းချင်ပါတယ်။"

အခု အနိုင်ရ အတိုက်အခံခေါင်းဆောင် ရင်လုဲရှင်နာဝပ်ဟာ နိုင်ငံရေးလောကထဲကို အချိန်တိုအတွင်းရောက်ရှိပြီး အခုတော့ဝန်ကြီးချုပ် ဖြစ်လာမယ့် အခြေအနေ ရှိနေပါပြီ။ ဒါဟာ ထိုင်း နိုင်ငံအတွက်တော့ ပထမဆုံး အမျိုးသမီးဝန်ကြီးချုပ် ဖြစ်ပါလိမ့်မယ်။

# နအဖစစ်တပ်အတွင်း စစ်တိုင်းမှူးနေရာတွေကို အပြောင်းအလဲပြုလုပ်

**BBC | ဂျူလိုင် ၅ ။** ။ မြန်မာနိုင်ငံ စစ်တပ်အတွင်းက စစ်တိုင်းမှူးနေရာတွေမှာ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက အရွှေ့အပြောင်းတွေရှိခဲ့တယ်လို့ စစ်တပ်နဲ့နီးစပ်သူတွေကပြောပါတယ်။

အပြောင်းအလဲညွှန်ကြားချက်အရ ရန်ကုန်တိုင်းမှူးက တောင်ပိုင်းတိုင်းကိုတာဝန်ယူဖို့ ရွှေ့ရပြီး တောင်းပိုင်းတိုင်း တိုင်းမှူးက အရှေ့ပိုင်းတိုင်း၊ အရှေ့ပိုင်းတိုင်း တိုင်းမှူးက ရန်ကုန်တိုင်းကိုတာဝန်ယူဖို့ စသဖြင့်ပြောင်းရွှေ့ရတယ်လို့သိရပါတယ်။

ဒ့ါအပြင် အရှေ့တောင်တိုင်း တိုင်းမှူးကို အနောက်ပိုင်းတိုင်း၊ အနောက်ပိုင်းတိုင်း တိုင်းမှူးကို နောက်တောင်တိုင်း၊ အနောက်တောင်တိုင်း တိုင်းမှူးကို အရှေ့တောင်တိုင်း စသဖြင့်လည်း ပြောင်းရွှေ့ခဲ့ပါတယ်။ ဒုတိယတိုင်းမှူး တချို့နေရာမှာလည်း လူသစ်တွေကိုခန့်ထားခဲ့ကြတယ်လို့သိရပါတယ်။ အခုပြောင်းရွှေ့မှုဟာ ကာကွယ်ရေးဦးစီးချုပ်သစ် ဖြစ်လာတဲ့ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က တပ်ကို ဩဇာသက်ရောက်မှုရရှိအောင် တပ်ကိုထိန်းချုပ်ဖို့ လုပ်ဆောင်တာဖြစ်တယ်လို့ မြန်မာ့စစ်ရေးလေ့လာသုံးသပ်သူ ဒီမိုကရေစီနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအင်အားစုက သုတေသနမှူး ဦးဌေးအောင် ကပြောပါတယ်။

အကြောင်းကတော့ လက်ရှိ မြန်မာစစ်တပ်အတွင်းက ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင် အပါအဝင် စစ်တိုင်းမှူးတွေအားလုံးဟာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ စိတ်ကြိုက်ရွေးချယ်ခန့်ထားခဲ့ကြသူတွေဖြစ်တဲ့အတွက် တပ်မတော်တခုလုံးကို သူ့ဩဇာသက်ရောက်နေတဲ့ သဘောရှိတယ်လို့ ဦးဌေးအောင်ကသုံးသပ်ပါတယ်။

ဒါကြောင့် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က ကာကွယ်ရေးဦးစီးချုပ်ဖြစ်လာချိန်မှာ စစ်တပ်အပေါ် ကိုယ်တိုင်ဩဇာသက်ရောက်မှုရှိအောင် လုပ်ဖို့လိုတဲ့အတွက် သူ့လုပ်ပိုင်ခွင့်အာဏာကို စတင်ပြလာတာလို့လည်း သူကပြောပါတယ်။

သိရသလောက် ပြောင်းရွှေ့ခံရသူ တိုင်းမှူးများနဲ့ တိုင်းများ---

မြန်မာနိုင်ငံ အထက်ပိုင်း တိုင်း ၃ တိုင်း...

ရန်ကုန်တိုင်း တိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းသန်းကို ရန်ကုန်တိုင်းမှ တောင်းပိုင်းတိုင်း သို့ ပြောင်း။

တောင်းပိုင်းတိုင်း တိုင်းမှူး ဗိုလ်မှူးချုပ် စိုးထွဋ် ကို တောင်ပိုင်းတိုင်းမှ အရှေ့ပိုင်းတိုင်း သို့ပြောင်း။

အရှေ့ပိုင်းတိုင်း တိုင်းမှူး ဗိုလ်မှူးချုပ် စန်းဦး ကို ရန်ကုန်တိုင်း သို့ပြောင်း။

မြန်မာနိုင်ငံ အောက်ပိုင်း တိုင်း ၃ တိုင်း...

လက်ရှိ အရှေ့တောင်တိုင်း တိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းနေလင်း ကို အရှေ့တောင်တိုင်းမှ အနောက်ပိုင်းတိုင်း သို့ပြောင်း။

အနောက်ပိုင်းတိုင်း တိုင်းမှူး ဗိုလ်မှူးချုပ် စိုးသိန်းကို အနောက်ပိုင်းတိုင်းမှ အနောက်တောင်တိုင်း သို့ပြောင်း။

အနောက်တောင်တိုင်း တိုင်းမှူး ဗိုလ်မှူးချုပ် တင်မောင်ဝင်း ကို အနောက်တောင်တိုင်းမှ အရှေ့တောင်တိုင်း သို့ပြောင်း။

---

## ဒေါ်အောင်ဆန်းစုကြည် မိသားစု ပုဂံခရီးစဉ် စတင်

**RFA | ဂျူလိုင် ၄ ။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ ဒီကနေ့ မနက် ၇ နာရီမှာ ပုဂံညောင်ဦးဒေသကို မန္တလေးလေကြောင်းနဲ့ ခရီးထွက်ခွာသွားပြီဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်ကို လိုက်လံပို့ဆောင်သူ ဦးထင်ကျော်က ပြောပါတယ်။

"မိသားစု ဘုရားဖူးသက်သက်ပါပဲ။ အေးအေးဆေးဆေးပါပဲ အခုထိတော့လေ။ ဒီနေ့ မနက်ဆို ရောက်သွားမှာပါ"

ဒေါ်အောင်ဆန်းစုကြည်ရဲ့ အခုခရီးစဉ်ဟာ သားဖြစ်သူ ကို ထိန်လင်းနဲ့အတူ ဘုရားဖူးသွားတဲ့ခရီးစဉ်ဖြစ်ပေမယ့် နေအိမ်အကျယ်ချုပ်က ပြန်လွတ်လာပြီးနောက်ပိုင်း နယ်ခရီးကို ပထမဦးဆုံးအကြိမ်သွားရောက်တဲ့ ခရီးစဉ်လည်းဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ NLD ပါတီက လုံခြုံရေးတာဝန်ယူထားသူတွေ လိုက်ပါသွားတယ်လို့သိရပါတယ်။ အခုခရီးစဉ်မှာ ပုဂံ-ညောင်ဦးဒေသခံတွေကို နိုင်ငံရေးဟောပြောမှုတွေ လုပ်မှာမဟုတ်ဘူးလို့ ပါတီတာဝန်ရှိသူတွေက ပြောပါတယ်။

နိုင်ငံရေးဟောပြောမှုတွေအတွက် ဒေါ်အောင်ဆန်းစုကြည်ရဲ့ နယ်ခရီးစဉ်တွေကို စတင်တော့မယ်လို့ ပြီးခဲ့တဲ့ ဇွန်လ အစပိုင်းမှာ သတင်းဌာနတွေကို ပြောဆိုခဲ့ပြီးနောက် မြန်မာအစိုးရ ပြည်ထဲရေးဝန်ကြီးက ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ပါတီရဲ့ လှုပ်ရှားမှုတွေကို ရပ်တန့်ဖို့ ဇွန်လ ၂၈ ရက် နေ့စွဲနဲ့ တားမြစ်စာတစောင် ပေးပို့ခဲ့ပါတယ်။

---

## ဒေါ်အောင်ဆန်းစုကြည်မှ အတိုက်အခံအကြောင်းပြော

**BBC | ဂျူလိုင် ၅ ။** ။ ဘီဘီစီ Radio 4 ကနေ ဂျူလိုင် ၅ ရက်က ထုတ်လွှင့်ခဲ့တဲ့ 2011 Reith Lectures ဒုတိယပိုင်းအစီအစဉ်မှာ မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားမှုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ၂၃ နှစ်တာကာလလုံး စစ်တပ်ရဲ့ဖိနှိပ်မှုအောက်မှာ အဲအယ်လ်ဒီပါတီဘယ်လိုရပ်တည်နိုင်ခဲ့သလဲဆိုတဲ့အကြောင်းအပါအဝင် သူ့ရဲ့ နိုင်ငံရေးအယူအဆတွေကို ဟောပြောခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်က သူ နေအိမ်အကျယ်ချုပ်ကနေ ပြန်လွတ်လာပြီးတဲ့နောက် လူမေးအများဆုံးမေးခွန်း ၂ ခုကတော့ အဲန်အယ်လ်ဒီပါတီဟာ တရားမဝင်အဖွဲ့အစည်း ဖြစ်သွားပြီလားဆိုတဲ့အချက်နဲ့ အဲအယ်လ်ဒီရဲ့အခန်းကဏ္ဍဟာ ဘာလဲဆိုတဲ့မေးခွန်းတွေ ဖြစ်တယ်လို့ပြောပါတယ်။ ဒါပေမယ့် အဲန်အယ်လ်ဒီဟာ တရားမဝင်အဖွဲ့အစည်းအဖြစ် သတ်မှတ်နိုင်တဲ့ ဘယ်ဥပဒေနဲ့မှမငြိစွန်းတဲ့အတွက် တရားမဝင်အဖွဲ့အစည်း မဟုတ်ပါဘူးလို့ ဒေါ်စုကပြောပါတယ်။

ဒုတိယမေးခွန်းကတော့ ပိုပြီးဖြေရခက်တယ်လို့ဆိုပြီး အဲအယ်လ်ဒီဟာ ၁၉၉၀ ရွေးကောက်ပွဲမှာ အနိုင်ရပြီးတဲ့နောက် အာဏာလွှဲပေးတာ မခံရဘဲ စစ်တပ်ရဲ့ဖိနှိပ်မှုအောက်မှာ အတိုက်အခံဆိုတဲ့ အနေအထားကို ရောက်လာရပုံ၊ အခုအခြေအနေမှာတော့ သမားရိုးကျ အတိုက်အခံပါတီတွေလို အကာအကွယ်မရတဲ့ သမားရိုးကျ မဟုတ်တဲ့ အတိုက်အခံအဖြစ်နဲ့ ရပ်တည်နေပုံကို ဒေါ်အောင်ဆန်းစုကြည်က ရှင်းပြခဲ့ပါတယ်။

အဲဒီဟောပြောချက်အပြီးမှာ တယ်လီဖုန်းကနေတဆင့် ဘီဘီစီ အသံလွှင့်ရုံနဲ့ သီရေတာခန်းမထဲက ပရိတ်သတ်တွေရဲ့မေးခွန်းတွေကိုလည်း ဒေါ်အောင်ဆန်းစုကြည်က ဖြေကြားခဲ့ပါတယ်။




သတင်းအကျဉ်း

**ဂျူလိုင် ၂ | DVB ||** ရန်ကုန်ရောက် ဩစတြေးလျား နိုင်ငံခြားရေးဝန်ကြီး Kevin Rudd သည် ယနေ့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးခဲ့၏။

**ဂျူလိုင် ၃ | Daily Yomiuri ||** ဒေါ်အောင်ဆန်းစုကြည်လွတ်လာခြင်း၏ ကွင်းဆက်အဖြစ် ဂျပန်သည်မြန်မာသို့ အကူအညီများပြန်ပေးရန် စဉ်းစားနေသည်ဟုကြားသိရကြောင်း။

**ဂျူလိုင် ၄ | MCOT ||** အင်ဒိုနီးရှားအစိုးရနှင့် စီးပွားရေးအသိုင်းအဝိုင်းများသည် မြန်မာတွင် ကုန်သွယ်စီးပွားအခြေချရန် လမ်းစရှာနေ၏။

**ဂျူလိုင် ၄ | The Age ||** မြန်မာတွင် နိုင်ငံရေးအကျဉ်းသားများအား လွှတ်ရန်သမတဦးသိန်းစိန်ထံ တိုက်ရိုက်တောင်းဆိုခဲ့ကြောင်း ဩစတြေးလျားနိုင်ငံခြားရေးဝန်ကြီး Rudd မှ စင်္ကာပူတွင် ဆို၏။

**ဂျူလိုင် ၄ | RFA ||** ဝါရှင်တန်ရှိ မြန်မာသံရုံးမှ ဒုတိယအမြင့်ဆုံးသံဝန်ထမ်း ဦးကျော်ဝင်းသည် အမေရိကန်တွင် ခိုလှုံခွင့်တောင်းခဲ့၏။

**ဂျူလိုင် ၄ | Irrawaddy ||** အာဏာရပြီး ပထမဆုံးအကြိမ် နေပြည်တော်ရှိ စစ်ရုံးသည်စစ်တိုင်းမှူး အနည်းဆုံး ၆ ဦးအား နေရာအပြောင်းအလဲခန့်ထားခဲ့၏။

**ဂျူလိုင် ၄ | BAGAN, Rtrs ||** ဒေါ်အောင်ဆန်းစုကြည်သည် နှစ်များစွာတွင် ပထမဆုံး ရန်ကုန်ပြင်ပခရီးစဉ်အဖြစ် ပုဂံသို့ သားအပါအဝင် အဲန်အဲလ်ဒီအဖွဲ့ဝင်အချို့နှင့်ခရီးနှင့်ခဲ့၏။

**ဂျူလိုင် ၅ | Canadian Press ||** ဒေါ်အောင်ဆန်းစုကြည်အား ပုဂံတွင် လူထုဒါဇင်ချီ၍ နွေးထွေးစွာနှုတ်ဆက်ခဲ့ကြောင်း။

**ဂျူလိုင် ၅ | BAGAN ||** ရွေးကောက်ပွဲတွင်အနိုင်ရ ရင်လု ထိုင်း၏ပထမဆုံးအမျိုးသမီးဝန်ကြီးချုပ်ဖြစ်လာမည်ကိုကြိုဆိုကြောင်း ဒေါ်အောင်ဆန်းစုကြည်မှဆို၏။

**ဂျူလိုင် ၅ | Irrawaddy ||** တရုပ်ပြည် ကူမင်းတွင် မြန်မာရဲချုပ်ဗိုလ်ချုပ်ကျော်ကျော်ထွန်းသည် သူနှင့် အဆင့်တူညီသူ နှင့်တရုတ်အရာရှိနှင့် ဆွေးနွေးခဲ့၏။

**ဂျူလိုင် ၅ | Irrawaddy ||** ကေအိုင်အိုသည်အပစ်အခတ်ရပ်စဲရေးဆွေးနွေးမှု အောင်မြင်အကောင်အထည်ပေါ်ရန် စောင့်ဆိုင်းနေစဉ် အပစ်အခတ်ရပ်စဲထားမည်ဟု ရောဝတီသို့ဆို၏။

**ဂျူလိုင် ၆ | JT ||** ဂျပန်ဒုနိုင်ငံခြားရေးဝန်ကြီးကိကုတာသည် မြန်မာတွင် ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ ဆုံ၍မြန်မာ့အရေးဆွေးနွေးခဲ့မှုသည် မြန်မာ့ဒီမိုကရေစီရေးအတွက်ကောင်းကြောင်း နိုင်ကိုကိုနှင့် SimonScott တို့ မှ ပူးတွဲသတင်းဝေဖန်၏။

**ဂျူလိုင် ၅ | DVB ||** မြန်မာတွင် စစ်တပ်စသည်တို့မှ အဓမ္မကျင့်မှုစသည်တို့ကျင့်သုံးနေသည့်ကြားမှ ဂျာမဏီသည် အမြင်ကျဉ်းစွာမြန်မာတွင် စီးပွားရေးတင်းကြပ်မှုလျှော့ရန် စဉ်းစားနေကြောင်း။

**ဂျူလိုင် ၆ | Irrawaddy ||** ဒေါ်အောင်ဆန်းစုကြည် ခရီးထွက်ခြင်းသည်ပင် ကောင်းသောလက္ခဏာဖြစ်ကြောင်း အိုဘားမားအမေရိကန် အစိုးရမှ ဆို၏။

**ဂျူလိုင် ၆ | ND ||** ဂျပန်အခြေစိုက်မြန်မာ့ဒီမိုကရေစီ အင်အားစုများနှင့် ဂျပန်ပါလီမန်အမတ်များမဂ္ဂ၏အတွင်းရေးမှူးနှင့် မြန်မာ့ဒီမိုကရေစီရေးဆွေးနွေးခဲ့ကြောင်း တက်ရောက်ခဲ့သူတဦးဖြစ်သည့် ဒေါက်တာမင်းညိုမှ ဆို၏။

**ဂျူလိုင် ၆ | Mizzima ||** ထိုင်းတွင် တက်လာမည့်အစိုးရသစ်သည် ထိုင်းရှိ မြန်မာဒုက္ခသည်များနှင့် အလုပ်သမားများအရေးသဘောထား အပေါ်စိုးရိမ်နေ၏။

**ဂျူလိုင် ၆ | DVB ||** ယခင်တပတ်က မြန်မာ့ဒီမိုကရေစီဖက်သို့ အလင်းဝင်ခဲ့သော နအဖအဆင့်မြင့် သံတမန်ဦးကျော်ဝင်းသည် မြန်မာအပေါ် ဖိအားပေးရန်တောင်းဆို၏။

**ဂျူလိုင် ၆ | DVB ||** ဘင်္ဂလားဒေ့ရှ်ရှိ KutuPalon ဒုက္ခသည်စခန်းမှာ ဖြစ်သလိုလုပ်ထားသည့်တဲများသည်ရေကြီးပြိုပျက်ပြီး ဒုက္ခသည်များဂနာမငြိမ်ဖြစ်နေရ၏။

**ဂျူလိုင် ၆ | Mizzima ||** အဲန်အဲလ်ဒီ၏ ဦးတည်ချက်သည် မြန်မာတိုင်းရင်းလူထုတရပ်လုံးအား ပြန်လည်ထူထောင်ရေးဖြစ်ပြီး အစိုးရတခုအား အစိုးရတခုဖြင့်အစားထိုးရန် မဟုတ်ဟု ဒေါ်အေ ာင်ဆန်းစုကြည်မှ ဆို၏။

**ဂျူလိုင် ၇ | Catholic News Philippines ||** မြန်မာမှ ကာတိုလစ်ဘာသာအဖွဲ့မှ အဖွဲ့ဝင် ၄ ခုအား ကမ္ဘာ့လူငယ်များနေ့သို့ တက်ခွင့်မပြုခဲ့ဘဲ ၂၀၀၈ ဩစတြေးလျားပွဲတွင် လူငယ်ကိုယ်စားလှယ်ငါးဦး မြန်မာသို့ မပြန်ဘဲ ခိုလှုံခွင့်တောင်းခံမှုခဲ့ကြောင်းဖြစ်ကြောင်း။

**ဂျူလိုင် ၇ | Catholic News Philippines ||** ဖန်းမော်ကတ်တော်လစ်ဘာသာရေးအဖွဲ့ခွဲများသည် ကချင်ဒုက္ခသည်များအား ဆန်နှင့် ဆေးများထောက်ပံ့နေသော်လည်း မလုံလောက်နိုင်ကြောင်း။

**ဂျူလိုင် ၇ | Asian Tribune ||** မြန်မာသည် ကမ္ဘာ့ကြက်ခြေနီနှင့်နောက်တဖန်ဆက်ဆံရာတွင် တကယ်သဘောရိုးဖြင့် ဆက်ဆံနိုင်မည်လောဟု ဦးဇင်လင်းမှ သတင်းဝေဖန်၏။

**ဂျူလိုင် ၇ | WTN-AFP ||** အမေရိကန်သမတ အိုဘားမားအား မြန်မာအပေါ် ပိတ်ပင်ကန့်သတ်မှုများကိုပိုမို တင်းကျပ်စေရန် AFL-CIO အကြီးဆုံး အလုပ်သမားအစည်းအရုံးအပါအဝင် အဖွဲ့ ၂၁ ဖွဲ့တို့ မှ လက်မှတ်ရေးထိုးတောင်းဆို၏။

**ဂျူလိုင် ၇ | BAGAN ||** ဒေါ်အောင်ဆန်းစုကြည်၏ ပုဂံဘုရားဖူးခရီးစဉ် ၄ ရက်မြောက်နေ့တွင် လူ ၁၀၀၀ ခန့်မှ ဝမ်းမြောက်ဝမ်းသာစွာကြိုဆိုခဲ့ပြီး ပန်းစည်းနှင့်လက်ဆောင်ပါးသူ အများအပြားရှိခဲ့ကြောင်း။

**ဂျူလိုင် ၇ | Boston Globe ||** ကချင်သူပုန်များသည် တလခန့်အတွင်း သုံးကြိမ်မြောက်အဖြစ် ဂျူလိုင် ၅ တွင် မန္တလေး–မြစ်ကြီးနား မီးရထားအား မိုင်းထောင်ပုံးခွဲခဲ့ကြောင်း မြန်မာအစိုးရသတင်းများမှဆို၏။

**ဂျူလိုင် ၇ | Straits Times ||** DVB နယ်ခြားမဲ့ သတင်းထောက်များအဖွဲ့ တို့အပါအဝင် အဖွဲ့ ၁၂ ဖွဲ့ တို့ သည်မြန်မာအား သတင်းထောက်များကို နှိပ်စက်ဖမ်းဆီးမှုများ ရပ်တန့်၍ လွှတ်ပေးရန်တောင်းဆို၏။

**စာမျက်နှာ ၁၃ သို့**

# ဒေါ်အောင်ဆန်းစုကြည် ပြည်တွင်းခရီးသွားလာနိုင်မှု အမေရိကန်အကောင်းမြင်

**VOA ၊ ဂျူလိုင် ၅ ။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည် နယ်ဘက်ခရီးထွက်နိုင်တာဟာ မြန်မာနိုင်ငံအတွက် ရှေ့အလားအလာကောင်းဖြစ်ဖို့ မျှော်လင့်တယ်လို့ အမေရိကန်နိုင်ငံက ပြောလိုက်ပါတယ်။ မြန်မာနိုင်ငံကိုရောက်နေတဲ့ သားငယ် ကိုထိန်လင်းနဲ့ တနင်္လာနေ့ကတည်းက ဒေါ်အောင်ဆန်းစုကြည်ဟာပုဂံ ဘက်ကိုဘုရားဖူးထွက်နေပါတယ်။ ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလ နေအိမ်အကျယ်ချုပ်ကလွတ်မြောက်လာခဲ့ပြီးကတည်းက ဒေါ်အောင်ဆန်းစုကြည်အတွက် ဒါဟာ ပထမဆုံး ရန်ကုန်မြို့အပြင်ကို သွားတဲ့ခရီးဖြစ်ပါတယ်။

ဒီလို သွားလာခွင့် ရနေတာကနေ အလားအလာကောင်းတွေ မျှော်လင့်တယ်လို့ အမေရိကန်နိုင်ငံခြားရေးဌာန ပြောခွင့်ရသူ Victoria Toria Nuland အင်္ဂါနေ့ကလုပ်တဲ့ ပုံမှန် သတင်းစာရှင်းလင်းပွဲမှာ ပြောကြားသွားပါတယ်။

"သူ နေအိမ်အကျယ်ချုပ် ဘဝနဲ့ မဟုတ်တော့ဘဲ နိုင်ငံတဝန်းမှာရှိနေကြတဲ့ သူ့အပေါ်ထောက်ခံသူတွေနဲ့တွေ့ဆုံနိုင်တာဟာကောင်းတဲ့သတင်းပါ။ ဒီအခြေအနေကနေ မြန်မာနိုင်ငံအတွက် ပိုကောင်းလာမယ့် အလားအလာတွေ ဖြစ်လာဖို့ ကျမတို့ မျှော်လင့်ပါတယ်။"

အမေရိကန်နိုင်ငံခြားရေးဌာန ပြောခွင့်ရသူ မစ်စ်နူလန်ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် သွားလိုရာကို အာဏာပိုင်တွေက ခွင့်ပြုခဲ့ပေမဲ့ လာရောက်နှုတ်ဆက်ကြသူတွေကို ဟောပြောတာတွေ လုပ်မယ်ဆိုရင်တော့ ထိန်းမနိုင် သိမ်းမရ အခြေအနေ အဓိကရုဏ်းတွေဖြစ်လာနိုင်တယ်လို့ သက်ဆိုင်ရာက သတိပေးထားပါတယ်။ အခုခရီးစဉ်ဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့နိုင်ငံရေးစည်းရုံးတဲ့ ခရီးစဉ်မျိုးမဟုတ်ဘဲ သားနဲ့အပန်းဖြေခရီးထွက်တဲ့ ခရီးစဉ်ဖြစ်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလည်း ၂၀၀၃ ခုနှစ် ဒီပဲယင်းတိုက်ခိုက်ခံရမှုမျိုး ဖြစ်မှာစိုးတဲ့အတွက် လူစုလူဝေး မလုပ်ကြဖို့ပန်ကြားထားပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ လုံခြုံရေးအတွက်လည်း NLD လူငယ် လုံခြုံရေးအဖွဲ့တွေက ခရီးမှာ လိုက်သွားကြပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ ပုဂံက အာနန္ဒာဘုရား အပါအဝင်ရှေးဟောင်းဘုရားတွေကို အင်္ဂါနေ့က သွားရောက် ဖူးမြော်ခဲ့ပါတယ်။ ပုဂံခရီးကနေ သူမရဲ့ဖခင်ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဇာတိမြို့ဖြစ်တဲ့နတ်မောက်မြို့ဆီကိုလည်း သွားမယ်လို့ သိရပါတယ်။

အခုလို ဒေါ်အောင်ဆန်းစုကြည်ကို ခရီးသွားလာခွင့် မြန်မာအာဏာပိုင်တွေက ပေးတာကို အမေရိကန်ဘက်က အကောင်းမြင် မျှော်လင့်တယ်လို့ ပြောခဲ့တာ ဖြစ်ပါတယ်။ တဆက်တည်းမှာပဲ အင်္ဂါနေ့က အမေရိကန်နိုင်ငံခြားရေးဌာနမှာ လုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ ဝါရှင်တန် မြန်မာသံရုံးသံမှူးကြီး ဦးကျော်ဝင်း အမေရိကန်မှာ ခိုလှုံခွင့်တောင်းခံလိုက်တဲ့ကိစ္စနဲ့ ပတ်သက်လို့ သတင်းထောက် တယောက်ရဲ့ အမေးကိုလည်း ပြောခွင့်ရသူက အခုလို ဖြေခဲ့ပါတယ်။

"သူ့ဆီကစာ ကျမတို့လက်ခံရရှိပါတယ်။ သံတမန်ရေးလျှို့ဝှက်ဆက်သွယ်မှုနဲ့ပတ်သက်လို့ ကျမမှာ တစုံတရာပြောပိုင်ခွင့်မရှိပါဘူး။"

အမေရိကန် နိုင်ငံခြားရေးဌာနပြောခွင့်ရသူ ဗစ်တိုရီယာ တိုရီယာ နူလန် ပြောသွားတာဖြစ်ပါတယ်။

သံမှူးကြီးဟောင်းဦးကျော်ဝင်းဟာဝါရှင်တန်မြန်မာသံရုံးမှာတာဝန်ကုန်ဆုံးလို့ မြန်မာနိုင်ငံကို ပြန်ရတော့မယ့်အချိန်မှာ မြန်မာအစိုးရခေါင်းဆောင်အနေနဲ့ဒီမိုကရေစီအပြောင်းအလဲဖော်ဆောင်နိုင်မယ့် မျှော်လင့်ချက် မမြင်ရတဲ့အတွက်ဆိုပြီးတော့ရာထူးကနေ နှုတ်ထွက်ပြီး အမေရိကန်ပြည်ထောင်စုမှာခိုလှုံဖို့ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။

---

# ကချင်ဒုက္ခသည်များ KIO ကူညီမည်

**RFA ၊ ဂျူလိုင် ၅ ။** ။ ကချင်ပြည်နယ်အတွင်း IDP ခေါ် အိုးအိမ်စွန့်ခွာထွက်ပြေးနေတဲ့ ဒုက္ခသည်များအရေးကို ကုလသမဂ္ဂဒုက္ခသည်ဆိုင်ရာမဟာမင်းကြီးရုံး UNHCR က ပါဝင်ကူညီရေးအတွက် KIO အဖွဲ့က ညှိနှိုင်းဆွေးနွေးနေတယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့ ဇွန်လ ၉ ရက်နေ့က စတင်ခဲ့တဲ့ အစိုးရနဲ့ KIO စစ်ပွဲများကြောင့် ဘန်းမော်မြို့နယ်အတွင်း ကျေးရွာပေါင်း ၆၀ လောက်က ဒုက္ခသည်တွေဟာ အိုးအိမ်တွေ စွန့်ခွာပြီးထွက်ပြေးလျက်ရှိရာမှာ KIO က ကောက်ယူတဲ့ စာရင်းတွေအရ ပြည်တွင်းတိမ်းရှောင်နေသူဒုက္ခသည်ပေါင်း ၁၇၀၀၀ ရှိတယ်လို့ KIO အဖွဲ့က ပြောပါတယ်။

လက်ရှိ KIO ဌာနချုပ် လိုင်ဇာကို ရောက်ရှိလာတဲ့ ဒုက္ခသည်တွေကို KIO အဖွဲ့က နေ့စဉ် ဆန်မပါ ကျပ်သိန်း၂၀ ဖိုး ထောက်ပံ့လျက်ရှိပြီး ပြန်လည်နေရာချထားရေး အစီအစဉ်တွေ ဆောင်ရွက်လျက်ရှိပါတယ်။ KIO အဖွဲ့ တွဲဘက် အတွင်းရေးမှူး ဦးလနန်းက ခုလိုပြောပါတယ်။

"အခုဒီမှာပဲ Hall ထဲမှာ စုထားတာမျိုး မဟုတ်ဘဲနဲ့ ရွာတော့မဟုတ်ပါဘူးနော် ယာယီနေထိုင်ဖို့အတွက် နေရာတော့ ချထားပေးတယ်။ လုံခြုံစိတ်ချရတဲ့ ကာလတခုရောက်တဲ့အထိပေါ့ သူတို့အဲဒီမှာနေပြီးတော့ တဲတွေဘာတွေဆောက်ပြီးတော့ လုပ်ပေးဖို့။ ဒေသအားလုံးတည်ငြိမ်သွားရင်တော့ ကိုယ့်ရပ်ကိုယ့်ရွာ ပြန်ချင်ကြတဲ့ သူတွေပဲလေ။ အဲဒီတော့ အဲဒီအတွက်တော့ သိပ်ပြီးစိုးရိမ်စရာ မရှိဘူးပေ့ါ။ အခြေအနေကောင်းလာရင်တော့ သူတို့ကပြန်သွားမှာပါ။ ဒါပေမယ့် အခုဟာက အခြေအနေက ဘယ်လိုမှန်းမသိဘူး ဖြစ်နေတယ်။ အဲဒီအခါကျတော့ လောလောဆယ်တော့ မပြန်ရဲကြဘူး"

လိုင်ဇာမြို့ပတ်ဝန်းကျင်မှာ ဒုက္ခသည် ၆၀၀၀ ရှိပါတယ်။ KIA တပ်မဟာ၃ က ဒုက္ခသည် ၆၀၀၀ကို အကူအညီပေးလျက်ရှိပြီး၊ ကျန်ဒုက္ခသည် ၅၀၀၀ခန့်ဟာ တရုပ်မြန်မာနယ်စပ်တလျှောက် ရှိနေတယ်လို့ ဦးလနန်းကပြောပါတယ်။

လတ်တလော တရုတ်ပြည်ရှိ ကချင်အသိုင်းအဝိုင်းကလည်း တဦးချင်းရောအဖွဲ့လိုက်ပါ ဒုက္ခသည်တွေ အတွက် လှူဒါန်းလျက်ရှိပြီး KIO အဖွဲ့အနေနဲ့ ရေရှည်အတွက် ကုလသမဂ္ဂဒုက္ခသည်ဆိုင်ရာ မဟာမင်းကြီးရုံးနဲ့ ဆက်သွယ်ပြီး ဆွေးနွေးနေတယ်လို့ သိရပါတယ်။



# သတင်းတိုထွာဖတ်စရာ

## မိုးကြီး ရေလွှမ်းမိုး

ဒီရက်ပိုင်းအတွင်း မြန်မာနိုင်ငံနေရာတော်တော်များများမှာ မိုးသဲထန်စွာရွာသွန်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုတွေများသလို ဒုက္ခရောက်သူတွေလည်း အများအပြားရှိပါတယ်။ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ မွန်ပြည်နယ်နဲ့ ရန်ကုန်အပါအဝင် ပဲခူးတိုင်းတွေမှာ လယ်ယာစိုက်ခင်းအတော်တော်များများ ရေလွှမ်းမိုးခံကြရတယ်လို့ ဆိုပါတယ်၊ (Xinhua 7 July , 2011)

## ဗိုလ်ချုပ်တယောက် ရာထူးကဖြုတ်ချခံရ

သမ္မတဦးသိန်းစိန်ရဲ့ လာဘ်ပေးလာဘ်ယူပပျောက်ရေး အစီအမံအရ လက်တွေ့အကောင်အထည်ဖော်တဲ့အနေနဲ့ ရန်ကုန်တိုင်းစစ်တိုင်းမှူးဗိုလ်မှူးချုပ်ထွန်းသန်းကို ရာထူးမှဖြုတ်လိုက်ပါတယ်။ လယ်ယာမြေအရောင်းအဝယ်လုပ်ရာမှာ အကြီးအကျယ်လာဘ်စားတာကြောင့် သူကို အခုလို ရာထူးကဖြုတ်ပစ်လိုက်တာလို့ ကာကွယ်ရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ဆိုပါတယ်။ဒါဟာ စစ်တပ်ထိပ်ပိုင်းကို သမ္မတဦးသိန်းစိန်မှ ရာထူးကဖြုတ်ပစ်တာ ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ (Mizzima 7 July , 2011)

## ရဟတ်ယာဉ်တစီး ပျက်ကျ

ရဲတံခွန်သဘာဝဓာတ်ငွေ့ ရေနံတူးစင်မှ အလုပ်သမားများကို ကြိုပို့လုပ်နေတဲ့ ရဟတ်ယာဉ်တစီး ပင်လယ်ထဲမှာ ပျက်ကျသွားပါတယ်။ လေတပ်အငြိမ်းစား ရဟတ်ယာဉ်မှူးဦးအုန်းသန်းအပါအဝင် မြန်မာအလုပ်သမား ၃ ဦးသေဆုံးသွားတယ်လို့ဆိုပါတယ်။ ရဟတ်ယာဉ်ပေါ်ပါ အခြား ၈ ဦးကိုတော့ ကယ်တင်နိုင်ခဲ့တယ်လို့သိရပြီး၊ ဘာကြောင့် ပျက်ကျရတယ်ဆိုတဲ့ အသေးစိတ်အချက်အလက်ကို စုံစမ်းနေဆဲဖြစ်ပါတယ်။ ဒီရဟတ်ယာဉ်ဟာ ပြင်သစ်အခြေစိုက် ဟယ်လီယူနီယံကုမ္ပဏီကနေ မလေးရှားက ပက်ထရိုနာစ်ကုမ္ပဏီမှ ငှါးရမ်းအသုံးပြုခဲ့တာဖြစ်ပါတယ်။ (BBC 11 July , 2011)

## ချစ်မိလို့ စစ်ဆေးမေးမြန်းခံကြရ

အမျိုးသားခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကို ကြည်ညိုလေးစားချစ်ခင်လို့ ကြိုဆိုနှုတ်ခွန်းဆက်သူများ၊ လက်ဆောက်ပေးသူများ၊ ညှော်ခံကျွေးမွေးသူများကို ခေါ်ယူ စစ်ဆေးမေးမြန်းတာတွေ၊ ခြိမ်းခြောက်တာတွေလုပ်နေတာကတော့ လုံးဝမဖြစ်သင့်ပါဘူး။ ယခင်အပတ် ပုဂံ ညောင်ဦး ဘုရားဖူးခရီးသွားစဉ်လမ်းတလျှောက်ရှိ ပြည်သူလူထုက ဝမ်းပန်းတသာနဲ့ကြိုဆိုနှုတ်ခွန်းဆက်ခဲ့ကြတာဖြစ်ပါတယ်။ ဒါကို အာဏာပိုင်တွေက ဘာကြောင့် ဖမ်းဆီးစစ်ဆေးမေးမြန်းတာတွေလုပ်သလဲဆိုတာ စဉ်းစားလို့မရဘူး။ (VOB 10 July , 2011)

## ရန်ကုန် ချက်ထိုးပြိုင်ပွဲ

မကြာခင် ရန်ကုန်မြို့ Central Hotel မှာ chess ထိုးပြိုင်ပွဲ ကျင်းပမယ်လို့သိရပါတယ်။ မြန်မာနိုင်ငံ chess အသင်းမှ ဦးစီးကျင်းပမှာဖြစ်ပြီး မြန်မာထိပ်တန်း chess ထိုးသမား ၄၇ ယောက်နှင့် နိုင်ငံတကာမှ အပျော်တမ်း chess ထိုးသမား ၂၆ ယောက်တို့ပါဝင် ကစားကြမှာဖြစ်ပါတယ်။ မြန်မာ chess ချက်ထိုးသမားများ အရည်အသွေးမြှင့်တင်ရေးရည်ရွယ်ပြီး ပြုလုပ်တာဖြစ်တယ်လို့လည်းသိရှိရပါတယ်။ (Xinhua 6 July , 2011)

## ၈ လုံးကို ၈ လေးလုံးနေ့မှာ အပြုတ်ဖြုတ်မည်

တပ်ချုပ်ကြီးအနားယူသွားပြီးနောက်ပိုင်း ရန်ကုန်မှာ ၈ လုံးလို့နာမည်ကြီးနေတဲ့ သိဟသူရတင်အောင်မြင့်ဦးဟာ အာဏာရှင်တည်ထောင်ဖို့ကြိုးစားနေတာ တနေ့တခြားထင်ရှားလာလေပြီ၊ သမ္မတဦးသိန်းစိန်သည် ဒုသမ္မတတင်အောင်မြင့်ဦးကိုကြောက်ရွံ့နေရတယ်လို့ဆိုပါတယ်။ ဒါကြောင့်လည်း စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေ၊ နိုင်ငံရေးအကျဉ်းသားလွှတ်ရေးကိစ္စတွေမှာ သမ္မတကြီးဦးသိန်းစိန်မလုပ်နိုင်အောင် ၈ လုံးက ထိန်းထားသည်ဟု စီးပွားရေးသတင်းတွေကဆိုပါတယ်။ ကျားထက်ဆိုးတဲ့ ၈ လုံးကို ၈ လေးလုံးနေ့မှာ ဖြုတ်ချနိုင်ဖို့ ဗိုင်းဝန်းကြိုးစားကြပါစို့။ (VOB 7 July , 2011)

## လာဝ ဝန်ကြီးချုပ် နေပြည်တော်လာမည်

ကြွပ်ပြေးနေပြည်တော်မှ သမ္မတဦးသိန်းစိန်ရဲ့ ဖိတ်ကြားချက်အရ လာဝနိုင်ငံဝန်ကြီးချုပ် Thongsing Thammavong မြန်မာနိုင်ငံ နေပြည်တော်ကိုလာမယ်လို့ သတင်းက ဆိုပါတယ်။ ရက်အတည်အကျမဖော်ပြတဲ့ ဒီခရီးစဉ်အတွင်းမှာ နှစ်နိုင်ငံ စီးပွားရေးကိစ္စအပြင် မဲခေါင်မြစ်ကိုဖြတ်ပြီ ဗီယက်နန် လောနဲ့မြန်မာနိုင်ငံဆက်သွယ်ကားလမ်းဖောက်ရေးကိစ္စ၊ မူးယစ်ဆေးတိုက်ဖျက်ရေးကိစ္စတွေကို ဆွေးနွေးနိုင်ဖွယ်ရှိတယ်လို့လည်း သတင်းကဆိုပါတယ်။ လာအိုနဲ့ မြန်မာနယ်စပ်ကမျဉ်းဟာ ကီလိုမီတာ ၂၃၀ အရှည်ဆက်စပ်နေပြီး ရွှေတြိဂံနယ်မြေဟာ ဒီကြားမှာရှိနေတာပါ။ (Xinhua 8 July , 2011)

## ရုပ်သံသတင်းသမားများ လွှတ်ပေးပါ

နအဖစစ်အုပ်စုက ဖမ်းဆီးချုပ်နှောင်ထားတဲ့ ဒီမိုကရက်တစ်မြန်မာ့အသံမှ ရုပ်သံသတင်းထောက်များကို ချွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးဖို့ The International Federation of Journalists (IFJ) အပါအဝင် သတင်းအဖွဲ့အစည်း ၁၁ ဖွဲ့ လက်မှတ်ရေးထိုးတောင်းဆိုလိုက်ပါတယ်။ ထောင်အသီးသီးရှိ နိုင်ငံရေးအကျဉ်းသား ၂၁၀၀ ထဲမှ ၁၇ ယောက်ဟာ Democratic Voice of Burma (DVB) ရဲ့ ရုပ်သံသတင်းထောက် များဖြစ်ပြီး ထောင်တွင်း ညှဉ်းပမ်းနှိပ်စက်မှုတွေခံနေကြရတယ်လို့ဆိုပါတယ်။ (IFJ 8 July , 2011)

# မြန်မာနိုင်ငံအပေါ်ထားရှိတဲ့ ဂျပန်အစိုးရရဲ့ မူဝါဒနဲ့ပတ်သက်၍ ဆွေးနွေး

**Mizzima | ဂျူလိုင် ၆ ။** ။ မြန်မာနိုင်ငံအပေါ် ထားရှိသည့် ဂျပန်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်၍ ဂျပန်အခြေစိုက် မြန်မာ့ ဒီမိုကရေစီ အင်အားစုများနှင့် ဂျပန် အမတ်များသမဂ္ဂတို့ တိုကျိုမြို့တွင် ဗုဒ္ဓဟူးနေ့က ဆွေးနွေးကြသည်။

မြန်မာအပေါ်ထားရှိသည့် ဂျပန်၏နိုင်ငံခြားရေးမူဝါဒ ပြောင်းလဲနိုင်မှုရှိ၊ မရှိ၊ ရှေ့အလားအလာနှင့် ပတ်သက်၍ အဓိကဆွေးနွေးခဲ့ကြကြောင်း ပါဝင်ဆွေးနွေးခဲ့သည့် တိုကျိုအခြေစိုက် မြန်မာ့ရေးရာရုံးမှ အတွင်းရေးမှူးဒေါက်တာမင်းညိုက မဇ္ဈိမကို ပြောသည်။

“ဂျပန်က မြန်မာပြည်ရဲ့ နိုင်ငံရေးမှာ အားလုံးပါဝင်နိုင်တဲ့ အနေအထားရှိရမယ်။ နောက် နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးရမယ်ဆိုပြီး ပြောထားခဲ့တာတွေရှိတယ်။ နောက် ဥပဒေကို အခြေခံရမယ်ဆိုပြီး တောင်းဆိုထားတာရှိတယ်။ ဒီတော့ ဒီအပေါ်မှာအခြေခံတဲ့ နိုင်ငံရေးပေါ်လစီကိုပြောင်းသွားပြီလားဆိုတာ ကျနော်တို့ဆွေးနွေးတာပေါ့” ဟု ဒေါက်တာမင်းညိုက ပြောသည်။ ပါလီမန်နိုင်ငံခြားရေးရာ ဒုဝန်ကြီး မစ္စစ် Makiko Kikuta ဇွန်လ ကုန်ပိုင်းက မြန်မာပြည်သို့ သွားရောက်ခဲ့အပြီး မြန်မာပြည်အပေါ်စီးပွားရေးအကူအညီ ပြန်ပေးရန် စဉ်းစားနေသည်ဆိုသည့်သတင်းများပေါ်ထွက်လာခဲ့သည်။ ထိုအကြောင်းကို ဂျပန်နိုင်ငံနေ့စဉ်ထုတ်သတင်းစာ ယူမီယူရီ Yumiuri ၌ ဇူလိုင်လ ၃ ရက်နေ့က ဖော်ပြခဲ့သည်။

“ပါလီမန်ဒုတိယဝန်ကြီးက မြန်မာပြည်ကိုသွားတော့ ဂျပန်-မြန်မာဆက်ဆံရေးက မျက်နှာသစ်ဖွင့်လိုက်ပြီလို့ ပြောတာကိုး။ ဒီတော့ မျက်နှာသစ်ဖွင့်လိုက်တယ်ဆိုတော့၊ စာမျက်နှာအသစ်ရောက်ပြီဆိုတော့ မူဝါဒအသစ်ဖြစ်တယ်ဆိုတဲ့ သဘော ရောက်တယ်လို့ အဓိပ္ပာယ်ပေါ်တာပဲလေ” ဟု ဒေါက်တာမင်းညိုက ဆိုသည်။

ယနေ့ပြုလုပ်သည့်ဆွေးနွေးပွဲ၌ ဂျပန်ဘက်မှ ဂျပန်အမတ်များသမဂ္ဂအတွင်းရေးမှူးလည်းဖြစ်၊ အာဏာရ ဒီမိုကရက်တစ်ပါတီ အထက်လွှတ်တော်အမတ် မစ္စတာ Azuma Konno၊ မြန်မာ့ရေးရာရုံး၊ ဂျပန်အလုပ်သမားများ သမဂ္ဂတာဝန်ရှိသူများနှင့် Network of Democracy in Burma - NDB မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲကို ပါလီမန်အမတ်များ နေထိုင်ရာဝင်းအတွင်းရှိ မစ္စတာ Azuma Konno ၏ရုံးခန်း၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဆွေးနွေးပွဲတွင် လက်ရှိမြန်မာနိုင်ငံ အခြေအနေနှင့် ပတ်သက်၍ တင်ပြ ပြောဆိုခဲ့ကြပြီး၊ ရှမ်းပြည်နယ်တိုက်ပွဲများ၌ မြန်မာအစိုးရတပ်များမှ ဓာတုလက်နက်သုံးနေသည်၊ မြောက်ကိုရီးယားမှ နျူကလီးယား လက်နက်များတင်သွင်းနေသည်ဆိုသည့် စွပ်စွဲပြောဆိုချက်များ၊ အစိုးရတပ်များ၌ကလေးစစ်သား အသုံးပြုနေခြင်းနှင့် အဓမ္မခိုင်းစေခြင်းများ စသည့် အကြောင်းအရာများလည်း ပါဝင်သည်ဟုသိရသည်။

ဆွေးနွေးချက်များနှင့်ပတ်သက်၍ ဇူလိုင်လ ၁၂ ရက်နေ့တွင် ပြုလုပ်မည့် ဂျပန်နိုင်ငံအမတ်များသမဂ္ဂ အထူးအစည်းအဝေး၌ ထည့်သွင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံရောက် မြန်မာဒီမိုကရေစီအင်အားစုများက မြန်မာနိုင်ငံတွင် ဒီမိုကရေစီရေး ပြုပြင်ပြောင်းလဲမှု မရှိသေးခြင်းနှင့် ပြည်တွင်းစစ် ဆက်ဖြစ်နေသည့်အတွက် ဂျပန်အစိုးရအနေဖြင့် မြန်မာအစိုးရအား အကူအညီပြန်လည် မပေးသင့်သေးကြောင်း ရှုမြင်သည်။

# ရှမ်းပြည်တပ်မတော် SSPP / SSA ဌာနချုပ် ဝမ့်ဟိုင်းကို စွန့်ခွာ

**သျှမ်းသံတော်ဆင့် | ဂျူလိုင် ၆ ။** ။ “အခုဌာနချုပ်မှာကျန်နေတာက စစ်ဖက်ဆိုင်ရာ ဒုဦးစီးချုပ်ဗိုလ်မှူးကြီးခေမင်ပေါ့။ အင်အား ၂၀၀-၃၀၀ လောက်ရှိတယ်။ သူ့ကို ရန်သူက မပိတ်ခင်ထွက်နိုင်ရင်ကောင်းမယ်။ နေ ရာရှုံးတာပြန်ယူလို့ရတယ်။ လူမရှုံးစေချင်ဘူး”ဒုဗိုလ်ချုပ်ကြီးယက်စစ်ကပြောကြောင်း၎င်းနှင့်နီးစပ်သည့်အသိုင်းအဝိုင်းကပြောသည်။

မတ်လကစ၍ သျှမ်းပြည်တပ်မတော် SSPP/SSA အား မြန်မာစစ်တပ်က ထိုးစစ်ဆင်တိုက်ခိုက်သည်မှာ ၄ လနီးပါးရှိပြီဖြစ်သော်လည်း ယနေ့တိုင် ဌာနချုပ်မသိမ်းပိုက်သေးသည်မှာ ရေမနောက်စေဘဲ ငါးလည်းဖမ်းမနိုင်သည့်နည်းလမ်းကို သုံးနေခြင်းဖြစ်သဖြင့် အချိန်မနှောင်းခင် ထွက်ရန်လိုအပ်ကြောင်းRCSS/SSA အဆင့်မြင့် အရာရှိတဦးကပြောသည်။”

ဒေသခံလူထုတွေရော SSPP/SSA ဖက်ကရော လာတဲ့သတင်းအရ ဗမာစစ်တပ်က ဝမ့်ဟိုင်းဌာနချုပ်ကို ၃ ဖက် ၃ တန် ပိတ်ဆို့ထားတယ်။ တောင်ဖက်ထွက်လမ်းတလမ်းပေးထားတယ်။ ဒီပုံအရဆိုရင် သူတို့တွေ တဖြည်းဖြည်းချင်းတိုးဝင်လာမယ်။ နောက်ဆုံး ကျနော်တို့ဖက်က မလှုပ်ရှားနိုင်တော့တဲ့အခြေအနေမှာ လက်နက်ဖြုတ်ယူရုံကလေးဘဲ။ တိုက်ယူစရာ မလိုတော့ဘူးဆိုတော့ ပျက်စီးမှုလဲမရှိစေဘူး။ လူကိုလဲလွယ်လွယ်နဲ့သိမ်းပိုက်နိုင်မယ်” ဟု၎င်းက ရှင်းပြခဲ့သည်။

လက်ရှိတွင် ဝမ့်ဟိုင်းဌာနချုပ်၌ SSPP/SSA ခေါင်းဆောင်ဗိုလ်ချုပ်ပန်ဖုလည်းမရှိတော့ဘဲ လွတ်ကင်းသည့်နေရာသို့ရောက်နေကြောင်းလည်း သျှမ်းပြည်တပ်မတော်အသိုင်းအဝိုင်းထံမှသိရသည်။ ယခုကဲ့သို့ လချီကြာအောင် မြန်မာစစ်တပ်ကသျှမ်းပြည်တပ်မတော်အား ထိုးစစ်ဆင်တိုက်ခိုက်နေသော်လည်း KIA ကချင် တပ်မတော်နှင့် ဖြစ်ပွါးသော တိုက်ပွဲကဲ့သို့ကမ္ဘာမသိနိုင်သည်မှာ သျှမ်းပြည်တပ်မတော် SSPP/SSA ဌာနချုပ်မှာနယ်စပ်နှင့်ထိစပ်ခြင်းမရှိသောကြောင့်ဖြစ်ကြောင်း သျှမ်းသံတော်ဆင့်အားရှင်းပြသည်။”

ကျနော်တို့ SSPP/SSA ရဲ့ဌာနချုပ်က သျှမ်းပြည်အလယ်ပိုင်းမှာရှိနေတော့ မီဒီယာတွေ ဝင်ရခက်တယ်လေ။ နယ်စပ်မဟုတ်တော့ မြန်မာစစ်တပ်က ဘာဘဲလုပ်လုပ် အိမ်နီးချင်းနိုင်ငံကို ထောက်စရာငဲ့စရာ အရေးစိုက်စရာမလိုဘူးလေ။ အဲဒါကြောင့် ကျနော်တို့ဟာကချင်တိုက်ပွဲလို ကမ္ဘာကမသိနိုင်တာဖြစ်တယ်လို့ယူဆတယ်” ဟု စစ်ယွက်စစ်က ပြောကြောင်း ၎င်းကဆိုသည်။

သို့သော် မည်သို့ပင်ဖြစ်စေကာမူ တိုက်ပွဲဖြစ်နေသော ၄ လနီးပါးကာလအတွင်း SSPP/SSAကပြောက်ကျားစစ် ဗျူဟာကိုသာ အသုံးပြုရာ သျှမ်းပြည်တောင်ပိုင်း လွယ်တိုင်းလျဲန်းအခြေစိုက် RCSS/SSA တပ်ဖွဲ့ကလည်း တတ်နိုင်သည့်ဖက်က ကူညီပေးခဲ့သည်ဟုလည်း ဒုဗိုလ်ချုပ်ကြီးယွက်စစ်က ပြောဆိုခဲ့သည်။မေလ ၂၁ ရက် ၅၃ နှစ်မြောက်သမိုင်းဝင် သျှမ်းပြည်တော်လှန်ရေးနေ့၌ သျှမ်းပြည်တပ်မတော် SSAတောင်/ မြောက် တပ်ဖွဲ့မရှိတော့၊ ပူးပေါင်းလိုက်ပြီသဖြင့် SSA တခုတည်းသာရှိတော့ကြောင်းဗိုလ်ချုပ်ကြီးယွက်စစ် ကြေငြာခဲ့သည်။

## ပြည်တွင်းစစ်ရပ်စဲရေး ငြိမ်းချမ်းရေးခေါ်ဖို့ အဖွဲ့ ၉ ဖွဲ့ ပူးပေါင်းပြီး ကြေညာချက်ထုတ်ပြန်

**RFA ၊ ဂျူလိုင် ၄ ။ ။** ပြည်တွင်းစစ်ရပ်စဲရေးအတွက် ဦးသိန်းစိန် အစိုးရအနေနဲ့ ငြိမ်းချမ်းရေးခေါ်ဖို့ ပြည်တွင်းမှာလှုပ်ရှားနေတဲ့ အဖွဲ့ ၉ ဖွဲ့ ပူးပေါင်းပြီး ဒီကနေ့ နေ့စွဲနဲ့ ကြေညာချက်ထုတ်ပြန် တောင်းဆိုလိုက်ပါတယ်။

မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအပါအဝင် ၈၈ မျိုးဆက်ကျောင်းသားများ၊ ရက္ခအလင်းတန်း အဖွဲ့၊ ဗမာနိုင်ငံလုံးဆိုင်ရာ လူငယ်များသမဂ္ဂ၊ အခြေခံပညာကျောင်းသား များသမဂ္ဂ၊ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်၊ ရခိုင်ကျောင်းသားများသမဂ္ဂနဲ့ ၂၀၀၇ မျိုးဆက် ကျောင်းသားများသမဂ္ဂတို့ ပူးပေါင်းပြီး ကြေညာချက်ထုတ်ပြန်လိုက်တာပါ။

မြန်မာနိုင်ငံက ပြည်တွင်းစစ်မီးဟာ တိုင်းရင်းသားအင်အားစုတွေနဲ့ စစ်အုပ်စုအကြား ဖြစ်ပွားနေတဲ့ ပြဿနာသက်သက် မဟုတ်ဘဲ မြန်မာနိုင်ငံ ဒီမိုကရေစီရေးတိုက်ပွဲ ပြဿနာဖြစ်တယ်လို့ မိမိတို့ယုံကြည်ကြောင်း ကြေညာချက်မှာ ရေးသားထားပါတယ်။

ဒါ့အပြင် လက်ရှိ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်တွေမှာဖြစ်ပွားနေတဲ့ အစိုးရရဲ့ ဗိုလ်ကျစိုးမိုးရေး ပြည်တွင်းစစ်ပွဲတွေကို ချက်ခြင်းရပ်တန့်ကာ ရပ်ပြီး ပြည်တွင်းငြိမ်းချမ်းရေးခေါ်ယူဖို့ တောင်းဆိုထားပါတယ်။

မြန်မာနိုင်ငံငြိမ်းချမ်းရေးအတွက် ပြည်တွင်းပြည်ပမှာ ရှိကြတဲ့ အဖွဲ့အစည်းအသီးသီးအနေနဲ့ ပူးပေါင်းပါဝင်ကြဖို့လည်း ကြေညာချက်မှာ တိုက်တွန်းနိုးဆော်ထားပါတယ်။

## ရန်ကုန်တိုင်းမှူး ရာထူးမှဖယ်ရှားခံရ

**Mizzima၊ဂျူလိုင် ၇။ ။** ရန်ကုန်တိုင်း စစ်တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းကို ဇူလိုင် ၅ ရက်တွင် တိုင်းမှူးတာဝန်မှ ဖြုတ်ကာ အနားယူစေခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန သတင်းရပ်ကွက်တခုက ပြောသည်။

ပုံမှန်အားဖြင့် အမြဲတမ်းဗိုလ်ချုပ်ရာထူးသို့တက်မည့် တလအလို၌ အဖြုတ်ခံရခြင်းလည်း ဖြစ်သည်။ တိုင်းမှူးအဖြစ် ထမ်းဆောင်စဉ်က အစမ်းခန့်ဗိုလ်ချုပ်အဖြစ် လစာကို ဗိုလ်ချုပ်လစာရရှိနေခဲ့သည်။

တိုင်းမှူးအဖြစ် တာဝန်ယူစဉ်ကာလအတွင်း " လယ်ယာမြေအချို့ကို အိမ်ယာမြေအဖြစ် အခကြေးငွေယူကာ" ပြောင်းလဲပေးလိုက်သဖြင့် ရာထူးမှဖယ်ရှားခံရကြောင်း သတင်းပေးသူက ပြောသည်။ သီးခြား အတည်ပြုချက်တော့ ရယူနိုင်ခြင်းမရှိပါ။ ရာထူးဖယ်ရှားခံရခြင်း မတိုင်မီက ကာကွယ်ရေးဝန်ကြီးဌာနက သူ့ကို တောင်ငူသို့စေလွှတ်ကာ ခေတ္တတာဝန်ပေးခံရသေးသည်။ ယခု အခါ ရန်ကုန်တိုင်း စစ်တိုင်းမှူးအဖြစ် ယခင်အရှေ့ပိုင်းတိုင်းမှူး ဗိုလ်မှူးချုပ်စန်းဦးကို လွှဲပြောင်းပေးအပ်ထားသည်ဟုလည်း သတင်းရပ်ကွက် က ပြောသည်။

၂၀၁၀ ဩဂုတ် ၂၈ ရက်တွင် စစ်တိုင်းမှူးအဖြစ်တပြိုင်တည်း တာဝန်ပေးခံရသော တိုင်းမှူးများအထဲမှ နေရာအပြောင်းအရွှေ့များလည်း ရှိနေရာ တောင်ပိုင်းတိုင်း၊ အရှေ့တောင်တိုင်း၊ အနောက်တောင်တိုင်း၊ အရှေ့ပိုင်းတိုင်း၊ အနောက်ပိုင်းတိုင်း တိုင်းမှူးများလည်း ပါဝင်သည်ဟု သတင်းရပ်ကွက်က ပြောသည်။

လာမည့် ဩဂုတ်လတွင် လက်ရှိအစမ်းခန့်ဗိုလ်ချုပ်များဖြစ်သော စစ်တိုင်းမှူးများသည် အမြဲတမ်းဗိုလ်ချုပ်အဖြစ် ရာထူးတိုးခံရမှာဖြစ်သည်။ ဗိုလ်ချုပ်အဆင့် အရာရှိတဦး၏ လစာမှာ ကျပ် ၄ သိန်းဖြစ်ပြီး၊ ဗိုလ်မှူးချုပ်တဦး၏ လစာမှာ ကျပ် ၃ သိန်းဖြစ်သည်။

---

**ပြကွဒိန်မှ**

**ဂျူလိုင် ၇ ၊ China Digital Times ॥ ॥** ရေကာတာလုပ်ငန်းများဆောက်လုပ်နေခြင်းကို ရပ်တန့်ရန် တရုတ်ပြည်အား မြန်မာလှုပ်ရှားသူများမှ တောင်းဆို၏

**ဂျူလိုင် ၇ ၊ Irrawaddy ॥ ॥** ကမ္ဘာ့ကြက်ခြေနီသည် ဖ နှစ်အတွင်း ပထမအကြိမ်အဖြစ် မြန်မာသို့လာခွင့်ရခဲ့ပြီး အကျဉ်းများအား စစ်မည်ဖြစ်သော်လည်း အကျဉ်းသားများအခြေအနေစစ်ရန် မပါဝင်ကြောင်း။

**ဂျူလိုင် ၇ ၊ Irrawaddy ॥ ॥** နယ်ခြားစောင့်တပ်လုပ်ရေး ကရင်လက်ခံအဖွဲ့ နှင့် လက်မခံအဖွဲ့တို့ ဆွေးနွေးမှုတန့်၍ တင်းမားနေ၏။

**ဂျူလိုင် ၇ ၊ Mizzima ॥ ॥** မိမိတို့ပါတီမှ အမတ်သုံးဦးနှင့် ဥပဒေပြုအမတ်တဦးတို့အားရွေးကောက်ပွဲကော်မရှင်မှ တရားမဝင်ကြေညာခဲ့မှုကို တရားမမျှတဟု ရခိုင်အမျိုးသားဒီမိုကရက်တစ်ပါတီမှ ဆို၏။

**ဂျူလိုင် ၈ ၊ WandsworthGurardian ॥ ॥** ဇာဂနာလွှတ်မြောက်ရေးအတွက် နိုင်ငံတကာလွှတ်မြောက်ရေးအဖွဲ့သည် James Acaster,Andrew Doyle, James Mullinger နှင့် Patrick Cahill စသည့် လူငယ်ဟာသပညာရှင်များ ကူညီပါဝင်သည့် လူထုအသိပေးနှင့်ရံပုံငွေရှာပွဲ ကျင်းပခဲ့ ၏။

**ဂျူလိုင် ၈ ၊ Monsters andCritics ॥ ॥** ဒေါ်အောင်ဆန်းစုကြည်၏ သူမ၏သားငယ်ကိုထိန်လင်းနှင့်အတူ ပုဂံ ညောင်ဦး ပုပ္ပါးဘုရားဖူးခရီးစဉ်သည် အောင်မြင်ကြောင်းနှင့် မြန်မာလူထု၏ သူမအပေါ် ချစ်ခင်အားကိုးစိတ်ကို ပြကြောင်း ဦးအုန်းကြိုင်မှဆို၏။

**ဂျူလိုင် ၈ ၊ Irrawaddy ॥ ॥** တိုင်းရင်းသားရေးရာဝန်ကြီးများစွာမှ မိမိတို့သည် အာဏာ ရုံးနှင့် အသုံးအဆောင်များပင် မရသေးကြောင်းဖြင့် ဆို၏ ။

**ဂျူလိုင် ၈ ၊ Irrawaddy ॥ ॥** မော်တော်ဆိုင်ကယ်စီး လယ်သမား ၄ ဦးသည် မတ် ၂၁ တွင် ဆောက်လုပ်ရေးလုပ်သား ၂၀ ဦးခန့်မှ သံဒုတ်စသည့်တို့ဖြင့် ဝိုင်းရိုက်ခြင်း၊ ချုပ်နှောင်ခြင်းများခံရပြီးနောက် တရားစွဲဆိုခံရကာ ထောင် ၁၀ နှစ်ခန့်စီကျခဲ့ကြောင်း။

**ဂျူလိုင် ၈ ၊ Irrawaddy ॥ ॥** မန္တလေးတွင် တရုတ်ပြည်မှ ကုန်သည်သူဌေးများကို မကျေနပ်စိတ်များ ဖြစ်နေကြောင်း။

**ဂျူလိုင် ၈ ၊ DVB ॥ ॥** ကချင်လက်နက်ကိုင်အဖွဲ့တဖွဲ့မှ ခြုံခိုတိုက်ခိုက်၍ မြန်မာစစ်သား ၃၀ ခန့်သေဆုံးဖွယ်ရှိ၏။

**ဂျူလိုင် ၈ ၊ Mizzima ॥ ॥** မြန်မာအရပ်ဝတ်ရဲများသည် အဲန်အဲလ်ဒီအား ဝင်စီးရန် အသင့်ပြင်နေပာန်ရှိကြောင်း။

**ဂျူလိုင် ၉ ၊ Asia Times Online ॥ ॥** သမတဦးသိန်းစိန်၏ မြန်မာအစိုးရသစ်အတွင်း အာဏာပြိုင်မှုများဖြစ်နေရာ၊ ဒုသမတဦးတင်အောင်မြင့်ဦးသည်သမတဦးသိန်းစိန်နှင့်အာဏာပြိုင်နေကြောင်း။

**ဂျူလိုင် ၉ ၊ IFJ ॥ ॥** မြန်မာတွင် မီဒီယိုသတင်းထောက်များအားလွှတ်ရန် တောင်းဆိုသောအဖွဲ့များတွင် IFJ အပြည်ပြည်ဆိုင်ရာ သတင်းထောက်များအစည်းအရုံးသည် ၁၁ ဖွဲ့မြောက်အဖွဲ့တွင် ပါဝင်တောင်းဆို၏။

**ဂျူလိုင် ၉ ၊ BBC ॥ ॥** ဒေါ်အောင်ဆန်းစုကြည်သည် ဘီဘီစီ အစီအစဉ်၏ Reith ဟောကြားချက်အခန်းကို ယနေ့ဒုတိယအကြိမ်အဖြစ် ကမ္ဘာသို့ထုတ်လွှင့်မည်။

# ရွေးကောက်ပွဲအနိုင်ရ ထိုင်းအစိုးရသစ်ကို မြန်မာအတိုက်အခံများ စိတ်ပူ

**Mizzima ၊ ဂျူလိုင် ၆ ။** ။ ဒီမိုကရေစီလိုလားသော မြန်မာအတိုက်အခံများက ၎င်းတို့အပေါ် ထားရှိမည့် ထိုင်းနိုင်ငံအစိုးရသစ်၏မူဝါဒကို စိတ်မအေးနိုင်ကြသလို၊ ၎င်းတို့၏ မိတ်ဆွေများကလည်း စိုးရိမ်မှုရှိကြောင်း ထုတ်ဖော်ပြောဆိုကြသည်။

တနင်္ဂနွေနေ့ ရွေးကောက်ပွဲတွင် လက်ရှိဝန်ကြီးချုပ် အဖိဆစ်ဝေ့ချ် ချာချီဝ၏ ဒီမိုကရက်တစ်ပါတီကို ၁၀၆ နေရာ အသာဖြင့် အနိုင်ရခဲ့သည့် ဖုရ်ထိုင်းပါတီက အခြားအနိုင်ရပါတီ ၄ ခုနှင့် ပူးပေါင်းလိုက်ပြီး လွှတ်တော်တွင်းနေရာ ၅၀၀ အနက် ၂၉၉ နေရာကို ထိန်းချုပ်ထားမည့် ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းသွားမှာဖြစ်သည်။

"သက်ဆင်ရဲ့ အတွေးအမြင်ကို ဖုရ်ထိုင်းက အကောင်အထည်ဖော်မယ်"ဆိုသည့် ကြွေးကြော်သံဖြင့် အနိုင်ရခဲ့သော ပြည်ပရောက် ဖြုတ်ချခံလိုက်ရသည့် ဝန်ကြီးချုပ်ဟောင်း သက်ဆင် ရှင်နာဝပ်ထရာ၏ ညီမဖြစ်သူ ယင်းလတ်ခ် ရှင်နာဝပ်ထရာ၏ ပါတီသည် သက်ဆင်အစိုးရဖြစ်စဉ်က မူဝါဒအတိုင်း တသွေမတိမ်း လိုက်နာပါက ထိုင်းအခြေစိုက် မြန်မာအတိုက်အခံများအပေါ် တင်းကျပ်လာနိုင်သည်ဟု ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် PNLO ဥက္ကဋ္ဌဗိုလ်မှူးကြီးခွန်ဥက္ကာက မဇ္ဈိမကို ပြောသည်။

"သက်ဆင်တုန်းကတော့ နယ်စပ်ဒေသတွေမှာ စီးပွားရေးဇုန်တွေ လုပ်မယ်ဆိုတဲ့အခါကျတော့ လှုပ်ရှားမှုတွေကို ထိန်းချုပ်တာတို့၊ အသွားအလာတွေကို ထိန်းချုပ်တာတို့၊ ကျနော်တို့ တွေ့ဆုံမှုတွေ၊စည်းဝေးမှုတွေကို ထိန်းချုပ်တာတွေလုပ်ခဲ့ဖူးတယ်" ဟု သူကပြောသည်။ ဒီမိုကရက်တစ်ပါတီသည် မြန်မာအတိုက်အခံများနှင့် ပိုမိုရင်းနှီးပြီး လူ့အခွင့်အရေး၊ ဒုက္ခသည်အခွင့်အရေးများအတွက် အားကိုးရသည်ဟု ဆိုသည်။

သက်ဆင်လက်ထက်မှစ၍ ထိုင်း-မြန်မာနယ်စပ် မဲဆောက်-မြဝတီ အထူးစီးပွားရေးဇုန် ဖော်ဆောင်ရေး၊ ထားဝယ် ရေနက်ဆိပ်ကမ်းကိစ္စများကို မြန်မာစစ်အစိုးရနှင့် ဆွေးနွေးခဲ့သည်။ ထားဝယ်ဖွံ့ဖြိုးရေးစီမံကိန်းအတွက် အကောင်အထည်ဖော်မည့် အီတာလျံ-ထိုင်း ကုမ္ပဏီက ၂၀၁၂ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ရန် စီစဉ်ထားပြီး ရင်းနှီးမြှုပ်နှံသူများကို ရှာဖွေလျက်ရှိသည်။

မကြာမီ တက်လာမည့် ထိုင်းအစိုးရသစ်သည် ၂၀၀၀-၂၀၀၆ ခုနှစ်တွင် ဝန်ကြီးချုပ်ဟောင်း သက်ဆင်ချမှတ်ခဲ့သည့် မူဝါဒများကို ဆက်လက်ကိုင်ဆွဲသွားမည်ဟု သုံးသပ်သူမှာ ထိုင်းနိုင်ငံ၌ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော သည်နေးရှင်း သတင်းစာ၏ အယ်ဒီတာ အဖွဲ့ဝင်ကာဗီ ချွန်ခစ်တဗွန် Kavi Chongkittavorn ဖြစ်သည်။ ထိုင်းနိုင်ငံရှိ မြန်မာအတိုက်ခံများအနေဖြင့် သတိရှိရန်လိုကြောင်းသူကပြောသည်။

"ယင်လတ်ခ်ကိုယ်တိုင်က သူဟာ သက်ဆင်ကိုယ်ပွားဖြစ်တယ်လို့ပြောထားတာ။ နေပြည်တော်အစိုးရနဲ့ ပိုပြီးနီးကပ် ဆက်ဆံသွားမှာဖြစ်လို့ ထိုင်းနိုင်ငံမှာရှိတဲ့ မြန်မာအတိုက်အခံတွေအနေနဲ့ စိုးရိမ်ရဖို့ရှိပါတယ်။ ဘာလို့လဲဆိုတော့ သက်ဆင်လက်ထက်မှာ တင်းကျပ်တာတွေ လုပ်ခဲ့ဖူးတယ်လေ" ဟု သူက မဇ္ဈိမကို ပြောသည်။

ထိုင်းအခြေစိုက် မြန်မာ့အရေး လေ့လာသူ ဦးအောင်သူငြိမ်းကမူ အစိုးရအသစ်အနေဖြင့် ထိုင်းပြည်သူများအကြား ပြန်လည်သင့်မြတ်ရေး နှင့် ၈၄ နှစ်မြောက် ဘုရင့်မွေးနေ့ကို အကြီးအကျယ်ကျင်းပရေးတို့ ဦးစားပေးရဦးမည်ဖြစ်သဖြင့် မြန်မာအတိုက်အခံများအရေး ချက်ချင်း လုပ်ဆောင်ဦးမည်ဟု မယူဆပေ။ သို့သော် "ရေရှည်မှာတော့ မြန်မာအစိုးရနဲ့ပိုပြီးနီးစပ်လေ၊ ဒီဘက်မှာ တင်းကြပ်တာမျိုးတွေ ဖြစ်နိုင်လေလေပေါ့" ဟုဆိုသည်။ ထိုင်းအခြေစိုက် လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီမှဥက္ကဋ္ဌဦးအောင်မိုးဇော်ကမူ ထိုင်းအစိုးရသစ်အနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီမည်ဟုတော့မျှော်လင့်နေသည်။

"ဥပမာ ဝန်ကြီးချုပ်ဟောင်း သက်ဆင်လက်ထက်ကဆိုရင် Bangkok Process ဆိုပြီး မြန်မာပြည်မှာ အမျိုးသား သင့်မြတ်ရေးဖြစ်ဖို့ကြိုးစားခဲ့ဖူးပါတယ်" ဟု သူက မဇ္ဈိမကို ပြောသည်။

၂၀၀၃-၂၀၀၄ ခုနှစ် မစ္စတာသက်ဆင် အာဏာရှိစဉ်က Bangkok Process ဟု အမည်ပေးထားသော စင်္ကာပူ၊ ဩစတြေးလျ၊ ဩစတြီးယား၊ အီတလီ၊ ဂျာမဏီ၊ ပြင်သစ်၊ ဂျပန်၊ တရုတ်နှင့် အိန္ဒိယတို့ပါဝင်သည့် မြန်မာ့အရေးဆွေးနွေးပွဲကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ အိမ်ရှင်အဖြစ် ၂ ကြိမ် ကျင်းပခဲ့သော်လည်း ဒုတိယအကြိမ်တွင် မြန်မာက မတက်ရောက်တော့သဖြင့် အစီအစဉ် ရပ်သွားခဲ့သည်။

လက်ရှိဒီမိုကရက်တစ်ပါတီ လွှတ်တော်အမတ်နှင့် မြန်မာ့အရေး စိတ်ဝင်စားသူ အာဆီယံအမတ်များအဖွဲ့ AIPMC ဥက္ကဋ္ဌ ကရိုင်ဆတ် ချွန်ဟာဗန်ကမူ အသစ်တက်လာမည့် အစိုးရသည် ကော်ပိုရေးရှင်းနှင့် ကုမ္ပဏီများ၏အကျိုးစီးပွားကိုသာ ဦးစားပေးမည်ဖြစ်၍ မြန်မာလူထုအတွက် အန္တရာယ်ရှိသည်ဟု ဆိုသည်။

"သူတို့မှာက ဒေသခံတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့၊ ဒေသခံအသံကို သိရဖို့လည်းမကြိုးစားတတ်ကြဘူး။ ဥပမာ သံလွင်မြစ်ပေါ် မှာရေကာတာတည်ဆောက်တာ၊ ရတနာ သဘာဝဓာတ်ငွေ့ပိုက်လိုင်း၊ ပြီးခဲ့တဲ့ အစိုးရ(သက်ဆင်အစိုးရ) က ထားဝယ်မှာ ရေနက်ဆိပ်ကမ်းဆောက်ချင်တယ်။ အခုတက်မယ့် အစိုးရလည်း အတူတူပဲဖြစ်မှာပါ" ဟု သူက မဇ္ဈိမကို ပြောသည်။

ဖြစ်လာနိုင်ဖွယ်ရှိသော ယင်လတ်ခ် ဦးဆောင်မည့်ထိုင်းအစိုးရအသစ်သည် မစ္စတာသက်ဆင်နှင့် မစ္စတာအဖိဆစ်တို့၏ အစိုးရများထက် ပိုမိုအင်အားခိုင်မာမည်ဟု သူက ယူဆသည်။ ထိုင်းနိုင်ငံရှိ မြန်မာအတိုက်အခံများနှင့်ပတ်သက်၍ နေပြည်တော်အစိုးရက တောင်းဆိုလျှင် ရံဖန်ရံခါတင်းကျပ်မှုများ ဆောင်ရွက်လာနိုင်သော်လည်း အပြီးသတ် ရှင်းလင်းမည်မဟုတ်ဟု သူက သုံးသပ်သည်။

"တကယ်ဆိုရင် ရှေးဟောင်းနံရံပန်းချီဆိုတာ အဲဒီလိုဘဲ တကဲ့ ကျွမ်းကျင်သူတွေနဲ့ သေချာကြည့်ရတယ်။ ဘယ်လိုဆေးသုံးထားတယ် ဘာတယ်ဆိုတာ ကြည့်ပြီးတော့မှအရင်အတိုင်း အနီးဆုံးဖြစ်အောင် လုပ်ရတယ်။ ကျွမ်းကျင်တဲ့ သူတွေကို ဖိတ်ခေါ်ရတယ်။"

**ဒေါ်အောင်ဆန်းစုကြည်**

# ဒေါ်အောင်ဆန်းစုကြည် နယ်ဘုရားဖူးခရီးစဉ်အတွင်း လူထုနဲ့ထိတွေ့

**VOA | ဂျူလိုင် ၆ ။** ။ ပြီးခဲ့တဲ့နှစ် နိုဝင်ဘာ နေအိမ်အကျယ်ချုပ်က လွတ်မြောက်လာခဲ့ပြီးနောက် ပထမဆုံးအဖြစ် နယ်ဘုရားဖူးခရီးထွက်လာ ခဲ့တဲ့ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ ဒီနေ့မှာတော့ ပုဂံ၊ ညောင်ဦးကနေ ပုပ္ပါးကို သွားရောက်ခဲ့ပါတယ်။ဒီခရီးစဉ်နဲ့ပတ်သက်ပြီး လတ်တလောအခြေအနေကို ဘန်ကောက်မြို့ကနေ သတင်းပေးပို့ထားတဲ့ ဒေါ်ခင်မျိုးသက်ကတင်ပြပေးထားပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ တနင်္လာနေ့မှာ ပုဂံ၊ ညောင်ဦးကို ဘုရားဖူးခရီး စပြီး ထွက်လာခဲ့တာပါ။ ပုဂံ၊ ညောင်ဦး အနီးပတ်ဝန်းကျင်တဝိုက်မှာ နေထိုင်ကြတဲ့ ဒေသခံတွေဟာ ဒေါ်အောင်ဆန်းစုကြည်ကို တွေ့ချင်တဲ့အတွက် လာရောက်စောင့်မျှော်နေခဲ့ကြတယ်လို့ ကျောက်ပန်းတောင်းဘက်ကနေ လာရောက်ခဲ့သူ တဦးက ပြောပါတယ်။

“ပုဂံရောက်ရောက်ချင်းတော့ သူကဟိုတယ်ကိုပဲတန်းသွားတာ၊ နောက်က သတင်းထောက်တွေနဲ့ပရိသတ်တွေကတော့ လိုက်တယ်။ သူတို့က အပြင်ကစောင့်ပေါ့၊ အထဲတော့ ဝင်ပြီးတွေ့ခွင့်မရဘူးဗျ။ နောက်နေ့မနက် ၈ နာရီကျမှ ဘုရားဖူးထွက်တာ။ ပုဂံ၊ ညောင်ဦးမှာ ဘုရားစုံဖူးတယ်ပေါ့။ အဲဒီအချိန်မှာတော့ ပရိသတ်က နောက်က တော်တော်လေးများလာတယ်။ လူထုပါ လိုက်လာတာပေါ့။ ဒီနေ့မနက်တော့ ပုပ္ပါးကိုသွားတယ် ပြောတယ်။ ပုပ္ပါးတောင်ကလပ်ပေါ့။”

ဒေါ်အောင်ဆန်းစုကြည်နဲ့သားငယ် ကိုထိန်လင်းတို့ဟာအင်္ဂါနေ့မှာပုဂံဘုရားတွေကိုဖူးမြော်ခဲ့ကြပြီး ဗုဒ္ဓဟူးနေ့မှာတော့ပုပ္ပါးတောင် အမျိုးသားဥယျာဉ်ကို သွားရောက်ခဲ့တယ်လို့ဒေါ်အောင် ဆန်းစုကြည်ရဲ့ ခရီးစဉ်မှာ အတူလိုက်ပါသွားတဲ့ဦးခွန်သာမြင့်က ပြောပါတယ်။

“မနက်က ၉ နာရီလောက်မှ ကျနော်တို့ ဟိုတယ်က ထွက်ပါတယ်။ ပုပ္ပါးကိုသွားပါတယ်။ ကျနော်တို့ အဖွဲ့ချုပ် ကျောက်ပန်းတောင်းမြို့နယ် အဖွဲ့ဝင်တယောက်ရဲ့ခြံလေးကို ခဏဝင်ကြည့်ပါတယ်။ ပုပ္ပါးတောင် အမျိုးသားဥယျာဉ်ရဲ့ပြခန်းလေးပေါ့၊ သူတို့လုပ်ထားတာရှိတယ်၊ အဲဒါကိုသွားကြည့်တယ်။ ဝန်ထမ်းတွေက လိုက်ပြပါတယ်။ အဲဒီမှာ ပရဆေးစိုက်ခင်းတွေလိုက်ကြည့်တယ်။ သိချင်တာလေးမေးပေါ့၊ အဲဒါပါပဲ။ ပြီးတော့ ပြန်လာတယ်။ ပုဂံမှာ လမ်းဘေးထမင်းဆိုင်မှာပဲ ထမင်းစားပါတယ်။”

ပုပ္ပါးမှာရှိတဲ့ လမ်းဘေးထမင်းဆိုင်မှာ ထမင်းစားတဲ့အခါ ခရီးသွားနဲ့ဒေသခံပြည်သူတွေဝိုင်းပြီး နှုတ်ဆက်ခွင့်ရခဲ့ကြတယ်လို့ ဒေသခံတဦးက ပြောပါတယ်။

“ပုဂံ သရပါတံခါးရဲ့ လမ်းဘေးက စားသောက်ဆိုင်လေးမှာ ဒေါ်အောင်ဆန်းစုကြည် စားနေတာ လူထုတွေ ဝိုင်းအုံနေလို့။ လူတွေ အများကြီးပဲ အင်္ကျီလက်မှတ်ထိုးခိုင်း၊ ရင်ဘတ် လက်မှတ်ထိုးခိုင်းနဲ့ အကုန်လုံး လက်မှတ်ထိုးခိုင်းနေတာ။”

အခုခရီးစဉ်ဟာ နိုင်ငံရေးမပါ၊ ကိုယ်ရေးကိုယ်တာသက်သက် ခရီးစဉ်ဖြစ်ပြီး လမ်းခရီးတလျှောက်မှာ အနှောင့်အယှက်မရှိ ခရီးသွားလာနိုင်ခဲ့တယ်လို့လည်း ဦးခွန်သာမြင့်က ပြောပါတယ်။

“လာတဲ့ ရည်ရွယ်ချက်ကိုက နေ့စဉ် လှုပ်ရှားနေရတဲ့ နိုင်ငံရေး ပတ်ဝန်းကျင်ကြီးကနေ သားကလည်း ခဏဆွဲထုတ်ပြီး သူနဲ့အတူတူ နေချင်တယ်ဆိုတော့ လိုက်လျောပြီး လာတဲ့သဘောပါပဲ။ ကိုယ်ရေးကိုယ်တာ တောင်းဆိုခဲ့ပါတယ်။ အခွင့်အရေးယူခဲ့ပါတယ်။ အခုဟာကတော့ ကိုယ်ရေးကိုယ်တာ သက်သက်ပေါ့။ သူဖူးချင်တဲ့ ဘုရားတွေလည်း အကုန်စုံပါပြီ။”

အခုလို ဒေါ်အောင်ဆန်းစုကြည်နယ်ဘက် ခရီးထွက်နိုင်တာဟာ မြန်မာနိုင်ငံအတွက် ရှေ့အလားအလာ ကောင်းတယ်လို့ အင်္ဂါနေ့က အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့ပါတယ်။ ဒါပေမဲ့ တိုင်းရင်းသားခေါင်းဆောင်တဦးဖြစ်တဲ့ ဝါရင့်နိုင်ငံရေးသမားကြီး ဦးအေးသာအောင်ကတော့ မြန်မာနိုင်ငံမှာလိုအပ်နေတဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေးနဲ့ နိုင်ငံရေး ရှေ့အလားအလာတွေ ကောင်းလာတော့မယ်လို့တွက်ဖို့ရာ အချိန် သိပ်ကို စောနေပါသေးတယ်လို့ ဆိုပါတယ်။

“ဒီခရီးစဉ်မှာ တည်းခိုတဲ့နေရာ စသည်အားဖြင့်ပေါ့အဆင်ပြေအောင် လုပ်တယ် ဘာညာကြားပါတယ်။ ဒါပေမဲ့ ဒီဟာလောက်နဲ့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး အခြေအနေ၊ အမျိုးသား ပြန်လည်သင့်မြတ်ရေး အတွက် အလားအလာကောင်းတယ်လို့ ပြောဖို့ဆိုတာ အလွန့်အလွန် စောပါတယ်။

“ဒီခရီးစဉ်ရဲ့ နောက်ပိုင်းမှာ ပါတီအနေနဲ့ နိုင်ငံရေးအရ သွားလာတဲ့ ပြည်သူအနေနဲ့ရော၊ အဖွဲ့ဝင်အနေနဲ့ရော တွေ့ဖို့ဆုံဖို့သွားလာတဲ့ ခရီးစဉ်တွေမှာ ဘယ်လိုပြုမူဆက်ဆံမလဲ၊ ပြီးတော့ဒီ့ထက် အရေးကြီးတာက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဒီလိုခရီးတွေ မထွက်ခင် ကြိုပြီးတော့ ပါတီဟာ ဖျက်သိမ်းထားတဲ့ပါတီ၊ တရားမဝင်ပါတီ၊ တရားဝင်ပါတီဆိုရင် မှတ်ပုံတင်ဖို့ စသည်အားဖြင့် ဒီလိုရေးတဲ့စာတွေကို ကြည့်ခြင်းအားဖြင့်လည်း အခုလတ်တလော အခြေအနေမှာ အခြေအနေကောင်းတယ်လို့ပြောဖို့ အလွန့်အလွန် စောတယ်လို့ မြင်ပါတယ်။”

အခြေအနေကောင်းလာဖို့ဆိုတာဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပြည်တွင်းစစ်ရပ်စဲဖို့နဲ့ ပြည်တွင်းငြိမ်းချမ်းရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းအားလုံး စကားတွေ ပြောဆိုလာနိုင်မယ့် အနေအထားတွေရှိလာဖို့ လိုအပ်တယ်လို့ဆိုပါတယ်။ ဒါ့အပြင်တကယ် မျက်နှာချင်းဆိုင် စကားတွေ ပြောလာ ဆိုလာနိုင်တဲ့ အဆင့်ရောက်မှသာရှေ့အလားအလာကောင်းမယ်လို့ တွက်ဆနိုင်ကြောင်းလည်းပြောကြားခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ခရီးစဉ်ဟာ သောကြာနေ့မှာ ပြီးဆုံးမှာဖြစ်ပြီး သောကြာနေ့မနက် ၁၀ နာရီမှာ ရန်ကုန်ကို ပြန်ရောက်မှာဖြစ်ပါတယ်။

# ကချင်ပြည်နယ်ဝန်ကြီး၏ ကိုယ်စားလှယ်များကို KIO ခေါင်းဆောင်များတွေ့ဆုံ

**DVB | ဂျူလိုင် ၆ ။** ။ကချင်ပြည်နယ်အတိုင်ပင်ခံအဖွဲ့ဥက္ကဋ္ဌဦးဆင်ဝါးနော်နဲ့ အတွင်းရေးမှူးတို့ နှစ်ဦးဟာ ဒီကနေ့ တရုတ်-မြန်မာနယ်စပ်က ကေအိုင်အိုဌာနချုပ် လိုင်ဇာကို ရောက်ရှိလာပြီး ကေအိုင်အိုခေါင်းဆောင်တွေကို တွေ့ဆုံခဲ့ပါတယ်။

ကချင်ပြည်နယ်လုံခြုံရေးနဲ့ နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သန်းအောင်ပေးလိုက်တဲ့စာကို ယူလာပြီး ကေအိုင်အိုကို ပေးတာဖြစ်ပါတယ်။ စာမှာအဓိကအားဖြင့် ကေအိုင်အေဘက်က တပ်တွေကို ပစ်ခတ်တာရပ်စဲဖို့ အမိန့်ပေးဖို့ တောင်းဆိုထားတာ ဖြစ်ပါတယ်။

ဒီတွေ့ဆုံမှုဟာ ဇွန်လ ၃၀ ရက်နေ့က ဗိုလ်မှူးကြီးသန်းအောင်နဲ့ကေအိုင်အို ဒုစစ်ဦးစီးချုပ်ဗိုလ်မှူးချုပ်ဂွမ်မော်တို့ တွေ့ဆုံအပြီး တပတ်အတွင်းမှာ ထပ်မံတွေ့ဆုံမှုဖြစ်ပါတယ်။ ဒီတွေ့ဆုံပွဲနဲ့ပတ်သက်လို့ ကေအိုင်အိုပြောခွင့်ရ ဦးလနန်းကို မေးထားပါတယ်။

"သူတို့ဘက်က ဇွန်လ ၁၈ ရက်ကစပြီး မပစ်ခတ်ဖို့ သက်ဆိုင်ရာတွေကို ကမ်းလှမ်းထားပြီးပြီဆိုတဲ့ အကြောင်းပါ။ အဲဒါကြောင့်မို့တူညီတဲ့တုံ့ပြန်မှုအနေနဲ့ ကျနော်တို့ ကေအိုင်အေကလည်းပြန်ပြီးတော့ အပစ်အခတ်ရပ်ဖို့ ညွှန်ကြားပေးပါဆိုတဲ့အချက်ပါ။"

အစိုးရတပ်စခန်းတွေနဲ့ပတ်သက်လို့ ပစ်ခတ်ခြင်းမပြုဖို့ဆိုတဲ့ အချက်တွေပါလား။

"ဒေသတည်ငြိမ်အေးချမ်းရေးလုပ်ငန်းစဉ်မှာ ဒါတွေက တိုက်ပွဲတွေဘာတွေ မဖြစ်ဘူးဆိုရင် သက်သေပြယုံကြည်မှုတခုဖြစ်မယ်ဆိုပြီး စာမှာရေးထားပါတယ်။နောက်တခုက ငြိမ်းချမ်းရေးဆွေးနွေးပွဲကနေပြီးတော့ ထာဝရငြိမ်းချမ်းရေးကို ဦးတည်ဆောင်ရွက်မှာဖြစ်တဲ့အတွက်မို့ အချိန်တော့ယူရမယ်ဆိုတာတွေပေါ့နော်။ အဲလိုအချိန်ယူတဲ့အခါမှာတဖက်နဲ့ တဖက်ယုံကြည်မှုတည်ဆောက်ပြီးတော့ ရှေ့လုပ်ငန်းစဉ်တွေကို အကောင်ထည်ဖော်ရေးမှာ ယုံကြည်မှုရှိရမယ်ဆိုတဲ့အချက်တွေပါပဲ။"

ကေအိုင်အေက တောင်းဆိုထားတဲ့ အပစ်အခတ်ရပ်စဲကြောင်း အထောက်အထားမပြဘဲ အခုလိုလုပ်နေတာဟာ အစိုးရဘက်ကနေ သုံးခေါက်ရှိပြီ လာတာ၊ ကေအိုင်အေဘက်ကနေပြီးတော့ တိုက်ပွဲလိုတယ်ဆိုပြီးတော့ တချိန်ချိန်မှာ ဝေဖန်ဖို့အတွက် နိုင်ငံရေးအမြတ်ထုတ်တယ်ဆိုတဲ့ပုံစံမျိုး ဝေဖန်တာတွေရှိတယ်။ အခု ခရီးစဉ်သုံးရပ်အပေါ်မှာ ဘယ်လိုမျိုးမြင်လဲ။

"အခုလာတာ ညှိနိုင်းရေးအဖွဲ့ကို ကိုယ်စားပြုပြီးလာတဲ့ သဘောမျိုးတော့ မဟုတ်ဘူး ကျနော်တို့ခန့်မှန်းကြည့်တာ။ ကချင်အမျိုးသားများ အတိုင်ပင်ခံအဖွဲ့ရဲ့ ဥက္ကဋ္ဌရယ် အတွင်းရေးမှူးရယ် လာကြတာပါ။ အဲတော့ အပစ်အခတ်ရပ်စဲရေးနဲ့ပတ်သက်ပြီး ဒီတွေ့ဆုံမှုနဲ့ အဆင့်တဆင့်လို့ ပြောလို့မရဘူး။ "

အဲတော့ သူတို့ စာစောစောက ပြောတဲ့ အချက်အလက်တွေက ဘယ်သူက ပေးလိုက်တာပါလဲ။

"စာရေးလိုက်တာက အဖွဲ့ခေါင်းဆောင်ဗိုလ်မှူးကြီးသန်းအောင်ကနေပြီးတော့ ရေးလိုက်တဲ့စာပါ။ အဓိကကတော့ သူတို့တပ်ဖွဲ့တွေအနေနဲ့ မပစ်ဖို့ ညွှန်ကြားထားပြီးပြီ။ အဲတော့ တူညီတဲ့တုံ့ပြန်မှုအနေနဲ့ ခင်ဗျားတို့အနေနဲ့ရှေ့တန်းမှာပစ်လားခတ်လားမလုပ်ဖို့ပေါ့၊ အဓိက အဲဒါ ပါပဲ။ငြိမ်းချမ်းရေးလုပ်တဲ့အခါမှာအချိန်တော့ တော်တော်လေးယူရမယ်။ ဒါကြောင့် နှစ်ဖက်ကို ယုံကြည်မှုကိုလည်း တည်ဆောက်မယ်ဆိုတဲ့ သဘောနဲ့ပြောတာပါ။"

ဗိုလ်မှူးကြီးသန်းအောင်ကနေပြီးတော့ အပစ်အခတ်ကို ၁၈ ရက်နေ့ကတည်းက ရပ်ထားပြီးပြီလို့ပြောတယ်။ ဒါပေမယ့် မနေ့ကညတုန်းက ၁၀ နာရီကနေ မနက် ၂ နာရီအထိ တိုက်ပွဲတွေနှစ်ဖက် အပြန်အလှန် လက်နက်ကြီးတွေနဲ့လည်း အစိုးရဘက်က ပစ်တယ်လို့ပြောတယ်။ အဲတော့ ဗိုလ်မှူးကြီးသန်းအောင်ပြောကြားချက်က မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်က ကတိကို ချိုးဖောက်တာလား၊ ဘယ်လိုမြင်လဲ။ ကေအိုင်အေ တပ်မဟာ ၃ လက်အောက် တပ်ရင်း၁၅ ဘက်မှာ တိုက်ပွဲတွေဖြစ်တယ်ကြားတယ်။

"ကျနော်လည်း အဲဒါကြားမိပါတယ်။ အခုထက်ထိတော့ အပစ်အခတ်ရပ်စဲရေးကို နှစ်ဦးနှစ်ဖက်ကနေ သဘောတူညီချက်မရသေးတဲ့ အတွက်ကြောင့်မို့ အဲလိုမျိုး ပစ်ခတ်မှုကို ကျနော်တို့ဘက်ကတော့ ဘာမှပြောဆိုစရာတော့မရှိဘူးခင်ဗျ။ သူတို့ဘက်ကနေပြီးအပစ်အခတ်ရပ်ဆိုင်းထားတယ်ဆိုတာ ကျနော်တို့ဘက်ကို လာပြောတာရှိတယ်၊ ပြီးတော့ စာထဲမှာ သူတို့စစ်တိုင်းမှူးက ညွှန်ကြားထားသည်ဆိုတဲ့စာပိုဒ်လေးပြန်ပြီးတော့ ဖော်ပြထားတာ ရှိတယ်။ ဒါပေမယ့်အဲဒါကြောင့် ကျနော်တို့ပြောတာပေါ့။ဒါကတော့ ယုံကြည်ရခက် တယ်။ သက်ဆိုင်ရာစစ်ဖက်အရာရှိကနေပြီးတော့ အမှန်တကယ်ပဲ အပစ်အခတ်ရပ်ဆိုင်းထားခိုင်းတယ်ဆိုတဲ့ သက်သေအထောက်အထား တောင်းတာအဲဒီအတွက်ကြောင့်ပါ။ သူတို့အဲလိုမျိုးပြောပေမယ့် ပစ်ခတ်မှုတွေဖြစ်လာတာက ကျနော်တို့အတွက် ဘာမှထူးခြားတဲ့ ဖြစ်စဉ်လို့တော့မသတ်မှတ်ပါဘူးခင်ဗျ။"

၃ ရက်နေ့က ညွှန်ကြားချက်ကိုရော အစိုးရဘက်က တောင်းရင် ဦးလနန်းတို့ဘက်က ပေးဖို့ အဆင်သင့်ပဲလား။

"သူတို့ကနေပြီး ဒီတောင်းဆိုမှုကတော့ မရှိဘူး။ ဒါကတော့ အပစ်အခတ်ရပ်ဆိုင်းရေးမဟုတ်ဘူး။ ကျနော်တို့ညွှန်ကြားထားတာကတော့ ကျနော်တို့ဘက်က အပစ်အခတ်ရပ်ဆိုင်းထားတယ်ဆိုတဲ့ဟာမျိုးမဟုတ်ဘူး။ ကျနော်တို့ လိုအပ်ရင်လိုအပ်သလို ရှေ့တန်းမှာ ရင်ဆိုင်မှုဖြစ်ရင်တော့ တိုက်ပွဲလေးတွေတော့ ဖြစ်မှာပါ။ ကျနော်တို့ဘက်က အပစ်အခတ်ရပ်ဆိုင်းတဲ့ ညွှန်ကြားချက်မဟုတ်ပါဘူး။"

ဒီည လိုင်ဇာမှာအိပ်မှာပေါ့နော် ကိုယ်စားလှယ်နှစ်ယောက်က။

"ဟုတ်တယ်။ သူတို့က နည်းနည်းမိုးချုပ်သွားတော့ တညအိပ်ပြီးတော့ မနက်ဖြန် ပြန်ကြမှာပါ။ တခြားတော့ ဘာမှထူးထူးထွေထွေပြောနေစရာမရှိပါဘူး။"

နောက်တခါ ဘယ်တော့ ထပ်တွေ့မလဲ၊ ခရီးစဉ်တွေကတော့ စိပ်နေတယ်နော်။

"လွှတ်တော်ကိုယ်စားလှယ်တွေကတော့ စကားနဲ့ပါးတာတို့၊ စာနဲ့ပါးတာတို့မျိုးပဲရှိတယ်။ တပ်ပိုင်းဆိုင်ရာကတော့ မနေ့က ပစ်တာခတ်တာတော့ ရှိတယ်။ ကျနော်တို့ဘက်က ပစ်တာတော့မဟုတ်ဘူး၊ သူတို့ဘက်က ပစ်တာလို့ ပြောတယ်။

# ဆင်းရဲနွမ်းပါးမှု Poverty ဆိုရာဝယ်

ခင်မမမျိုး

ဘောဂဗေဒပညာရှင် David Korten က ဆင်းရဲနွမ်းပါးမှု၊ လူမှုယှက်နွယ်ဆက်စပ်ခြင်းသင်္ကေတန်များ ပျက်ယွင်းမှုနဲ့ သဘာဝပတ်ဝန်းကျင်ပျက်စီးမှု စတာတွေဟာ တကမ္ဘာလုံးက အလေးထားရမယ့် global threefold human crisis လို့ အဆိုရှိခဲ့ဖူးပါတယ်။ ဒီအချက်သုံးချက်ထဲမှာပါဝင်တဲ့ ဆင်းရဲနွမ်းပါးမှုဆိုတာကလဲ လူသားတဦးချင်းဆီကနေ တကမ္ဘာလုံးအတိုင်းအတာအထိ ပျံ့နှံ့ရိုက်ခတ်နေတဲ့ သဘောတရားတခုပဲ ဖြစ်ပါတယ်။

ဆင်းရဲနွမ်းပါးမှုဆိုတာကို ဖွံ့ဖြိုးတိုးတက်ရေး နှောင့်နှေးခြင်းရဲ့ လက္ခဏာတရပ်အနေနဲ့ ကမ္ဘာ့ပြည်သူတွေကသတ်မှတ်ထား ကြပြီး၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုတာကို ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး၊ ဆင်းရဲတွင်းထဲမှ လူအများကိုကယ်ထုတ်ရေးလို့လဲ ရှုမြင်သုံးသပ်သူတွေရှိကြပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်ရေးအစီရင်ခံစာ (၁၉၉၀) မှာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးရဲ့ အခြေခံရည်မှန်းချက်အဖြစ်ထည့်သွင်းဖော်ပြထားခဲ့ပါတယ်။

ဆင်းရဲနွမ်းပါးမှုဆိုတာနဲ့ပတ်သက်ပြီး လေ့လာသူပညာရှင်တွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ အစိုးရတွေနဲ့ အစိုးရမဟုတ်သော အဖွဲ့အစည်းများစွာကအဓိပ္ပာယ်ဖွင့်ဆိုချက်တွေ အများအပြား ဖွင့်ဆိုခဲ့ကြပါတယ်။ဆင်းရဲနွမ်းပါးမှုဆိုတဲ့ သဘောတရားဟာလဲ ဒီမိုကရေစီ၊ လူမှုတရားမျှတမှု၊ ဖွံ့ဖြိုးတိုးတက်ရေး စတဲ့ သဘောတရားတွေလိုပဲ လူမှုအသိုင်းအဝိုင်းကနေဝိုင်းဝန်းတည်ဆောက်ပြီး ပေါ်ထွက်လာတဲ့ သဘောတရား (social construct) ဖြစ်တဲ့အတွက်အဓိပ္ပာယ်ဖွင့်ဆိုချက်တွေ၊ ငြင်းဆိုချက်တွေ၊ ပြောင်းလဲမှုတွေနဲ့ပြည့်နှက်နေလေ့ရှိပါတယ်။ ဆင်းရဲနွမ်းပါးမှုကို အဓိပ္ပာယ် ဖွင့်ဆိုကြရာမှာယေဘုယျအားဖြင့် cluster of meanings လေးခုကို အခြေခံပြီး ဖွင့်ဆိုတတ်ကြပါတယ်။

ပထမ cluster ကတော့ ဝင်ငွေ (income) မှာ အခြေခံပါတယ်။ ဆင်းရဲနွမ်းပါးမှုဆိုတာကို ဝင်ငွေနည်းပါးမှုအနေနဲ့ ရှုမြင်ပြီး၊ဝင်ငွေမည်၍မည်မျှထက်လျော့နည်းရခဲ့ရင် ဆင်းရဲနွမ်းပါးတယ်လို့ တိုင်းတာသတ်မှတ်ကြပါတယ်။ ဒီလိုဆင်းရဲနွမ်းပါးမှု အကဲဖြတ်လိုင်း (poverty line) တွေကိုသက်ဆိုင်ရာနိုင်ငံအလိုက် သတ်မှတ်ထားပြီး၊ ဒီ အကဲဖြတ်လိုင်း (ဆင်းရဲနွမ်းပါးသောနိုင်ငံများအပေါ် ကမ္ဘာ့ဘဏ် သတ်မှတ်ချက်အရနှစ်စဉ် ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၇၀ ထက် လျော့နည်းရသူများဟာ ဆင်းရဲနွမ်းပါးသူများအဖြစ် သတ်မှတ်ခံရပါတယ်။ ဆင်းရဲနွမ်းပါးမှု အကဲဖြတ်လိုင်းရဲ့အောက်မှာ လူဦးရေရဲ့ရာခိုင်နှုန်း မည်၍မည်မျှရှိနေ သလဲဆိုတာကို တွက်ချက်ကြည့်ခြင်းဖြင့် နိုင်ငံတနိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို လေ့လာဆန်းစစ်နိုင်ပါတယ်။

ဒုတိယ cluster ကတော့ ရုပ်ဝတ္ထု ချို့တဲ့ခြင်း (material deprivation) မှာအခြေခံပါတယ်။ ဝင်ငွေနည်းပါးမှုတင် မကပဲ အမိုး အကာ၊ အဝတ်အထည်၊ ပရိဘောဂပစ္စည်း၊ ရေဒီယို၊ တီဗွီစတဲ့ ဖျော်ဖြေရေး စက်ပစ္စည်း စတဲ့ ရုပ်ဝတ္ထုတွေ ချို့တဲ့မှုကိုလဲဆင်းရဲနွမ်းပါးမှုအနေနဲ့ ထည့်သွင်းပြီး အဓိပ္ပာယ်ဖွင့်ဆိုကြပါတယ်။ ကျန်းမာရေးဝန်ဆောင်မှု၊ သက်ကြီးရွယ်အို စောင့်ရှောက်မှု၊ ပညာရေး ဝန် ဆောင်မှုစတာတွေကို ခံစားခွင့် မရှိတာတွေဟာလဲ ရုပ်ဝတ္ထု ချို့တဲ့ ခြင်းပဲ ဖြစ်ပါတယ်။

တတိယ cluster ကတော့ ဘောဂဗေဒပညာရှင် Amartya Sen မီးမောင်းထိုးပြထားခဲ့တဲ့စွမ်းရည် ချို့တဲ့ခြင်း (capability deprivation) ပဲဖြစ်ပါတယ်။ လူသားတွေဆီမှာသူတို့ကံကြမ္မာကို သူတို့ကိုယ်တိုင်ဖန်တီးနိုင်မယ့် စွမ်းရည်တွေရှိလာဖို့အတွက်စီးပွားရေး၊ လူမှုရေးနဲ့ နိုင်ငံရေး လွတ်လပ်ခွင့် (Economic, Social andPolitical Freedoms) လိုအပ်ပါတယ်။ ဒီလိုလွတ်လပ်ခွင့်တွေ အမြစ်တွယ်ရှင်သန်နေတဲ့လူမှုအင်စတီကျူးရှင်း (နိုင်ငံတော်အုပ်ချုပ်ရေး၊ ဈေးကွက်၊ ဘဏ္ဍာရေးစနစ် အလုပ်သမားသမဂ္ဂ၊ အရပ်ဘက်လူ့အဖွဲ့အစည်း စသည်များ) ဟာ လူတဦးချင်းစီရဲ့ စွမ်းရည်၊အခွင့်အလမ်းနဲ့ ရွေးချယ်ခွင့်တွေအပေါ်မှာ သက်ရောက်မှုရှိပါတယ်။ ဒါကြောင့်လွတ်လပ်ခွင့် (Freedom) ကို ချုပ်ချယ်ခံရတဲ့ နိုင်ငံတွေမှာတိုင်းသူပြည်သားတွေရဲ့ မိမိတို့ကံကြမ္မာကို ဖန်တီးနိုင်ခွင့် စွမ်းရည်တွေကျဆင်းနေတတ်ပါတယ်။ ဒီလို စွမ်းရည်ချို့တဲ့မှုဟာလဲ ဆင်းရဲနွမ်းပါးမှုပါပဲ။

ဆင်းရဲနွမ်းပါးမှုကို အဓိပ္ပာယ်ဖွင့်ဆိုတဲ့ စတုတ္ထ clusterကတော့ လူမှုအသိုင်းအဝိုင်းမှ ဖယ်ရှားခံထားရခြင်း (social exclusion)ပဲဖြစ်ပါတယ်။ Socialexclusion ဆိုတာမှာ အခွင့်အရေး (လူ့အခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေး၊နိုင်ငံသားအခွင့်အရေး)၊အရင်းအမြစ် (လူ့စွမ်းအားအရင်းအမြစ်၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ နိုင်ငံတော်ထောက် ပံ့မှု၊ ဈေးကွက်)နဲ့ ဆက်နွယ်မှု (မိသားစုကွန်ယက်၊ ထောက်ပံ့ကူညီရေးကွန်ယက်) စတာတွေ ပါဝင်ပါတယ်။ လူ့အဖွဲ့အစည်းအတွင်းမှာရှိနေတဲ့ လူတဦးတယောက် (သို့မဟုတ်) အစုအဖွဲ့ တခုဟာ ဒီမိုကရေစီနဲ့လူ့အခွင့်အရေးတွေကို ခံစားခွင့်မရှိခြင်း၊ အရင်းအမြစ်တွေ ရှားပါးခြင်းစတာတွေကိုကြုံတွေ့နေရတယ်ဆိုရင် ဒါဟာလဲဆင်းရဲနွမ်းပါးမှုပါပဲ။

ဆင်းရဲနွမ်းပါးမှုဟာ စီးပွားရေး၊ နိုင်ငံရေးရာတွေ အပေါ်မှာ ရိုက်ခတ်မှုတွေရှိပါတယ်။ ဘယ်လို စီးပွားရေးစနစ်ကို ကျင့်သုံးသည်ပဲဖြစ်စေ၊ဆင်းရဲနွမ်းပါးမှုကြောင့် လုပ်အားထုတ်လုပ်မှု (labour productivity)လျော့နည်းစေနိုင်ပါတယ်။အဲဒီအခါမှာ စီးပွားရေးတိုးတက်မှု (economic growth) ကို ထိခိုက်စေပါတယ်။စီးပွားရေးတိုးတက်မှုကျဆင်းမှုကြောင့် အလုပ်လက်မဲ့ပြဿနာကို ဖြစ်စေနိုင်ပါတယ်။အလုပ်လက်မဲ့ပြဿနာကြောင့် ဈေးကွက်မှာ စားသုံးသူတွေရဲ့ငွေကြေးအသုံးပြုနိုင်မှုလျော့နည်းစေပြီး၊ စီးပွားရေးတိုးတက်မှုကို နှောင့်နှေးစေပါတယ်။ ဒီလို ဆင်းရဲနွမ်းပါးတဲ့ လူ့အဖွဲ့အစည်းဟာ ထုတ်ကုန်အက်တာပရိုက်စ်တွေမှာရင်းနှီးမြှုပ်နှံမှု မလုပ်နိုင်တာနဲ့ physical infrastructure(လမ်းပန်းဆက်သွယ်ရေး၊ စွမ်းအင်)၊ Social Infrastructure (ကျန်းမာရေး၊ ပညာရေး၊ ဈေးကွက်၊ဘဏ္ဍာရေးစနစ်)စတာတွေမှာအားနည်းချက်တွေကြောင့် နိုင်ငံတကာ ကုန်သွယ်ရေးမှာ အခြားနိုင်ငံများနဲ့မယှဉ်ပြိုင်နိုင်ပါဘူး။ ဒါဟာ ဆင်းရဲနွမ်းပါးမှုရဲ့ တိုင်းပြည်စီးပွားရေးအပေါ်မှာရိုက်ခတ်မှုတွေဖြစ်ပါတယ်။

ဆင်းရဲနွမ်းပါးမှုဟာ နိုင်ငံရေးရာတွေအပေါ်မှာလဲ ရိုက်ခတ်

**စာမျက်နှာ ၁၈ သို့**

# ရန်ကုန်တိုင်းနဲ့ ပဲခူးတိုင်းမှာ မိုးဆက်တိုက်ရွာလို့ စပါးစိုက်ခင်းတွေပျက်စီးကုန်

**BBC ၊ ဂျူလိုင် ၇ ။** ။ လယ်တွေရေထဲ မြုပ်ကုန်လို့ လယ်သမားကြီးတွေအခက် တွေ့ နေရပါတယ်။ ရန်ကုန်တိုင်းနဲ့ ပဲခူးတိုင်းမှာ သီတင်းတပတ်ကျော်လောက် ဆက်တိုက် မိုးကြီး ခဲ့တဲ့အတွက် ဧက သောင်းနဲ့ချီတဲ့ စပါးခင်း တွေ ရေမြုပ်နေဆဲ ဖြစ်ပါတယ်။

ဖေါက်ချသင့်တဲ့ ရေတံခါးတွေကို သက်ဆိုင်ရာက ဖေါက်ချပေးနေပေမယ့်လည်း ကဝမြို့နဲ့ ခရမ်းမြို့နယ်တွေမှာ လယ်ဧက ၂ သောင်းခွဲလောက် ရေမြုပ်နေဆဲပဲလို့ ခရမ်းဒေသခံ လယ်သမား ကြီးလည်းဖြစ်၊ ရှေ့နေကြီးလည်း ဖြစ်တဲ့ ဦးသန်းဆွေက ဘီဘီစီကို ပြောပြပါတယ်။

ကဝမြို့နယ် တမြို့နယ်လုံးနဲ့ ခရမ်းမြို့နယ် အနောက်ခြမ်း၊ အရှေ့ခြမ်းနဲ့ မြောက်ခြမ်းတွေမှာ ရှိတဲ့ လယ်တွေ အားလုံး ရေမြုပ်ကုန်ပြီး သုံးခွမြို့နယ်မှာတော့ တောင်ဘက်ခြမ်းထက် မြောက်ဘက်ခြမ်းကအခြေအနေဆိုးတယ်လို့ ဆိုပါတယ်။ လယ်ပိုင်ရှင်အများစုဟာ အရင်လကပဲ မိုးကြီးပြီးနစ်မြုပ်ခဲ့တဲ့လယ်တွေကို အစားထိုးပြန်စိုက်ထားပြီးကာမှ အခုတခါ ထပ်မြုပ်ပြန်တဲ့ အတွက် နောက်ထပ် ပြန်စိုက်ဖို့ မိုးစပါး အခက်အခဲ ရှိနေတယ် လို့လည်း ပြောပါတယ်။

အလားတူ ပဲခူးတိုင်း ဒိုက်ဦးမြို့နယ်နဲ့ လက်ပံတန်း မင်းလှမြို့နယ်ဘက်မှာလည်း မိုးကြီးပြီး လယ်မြေဆုံးရှုံးမှုတွေ ရှိနေသလို ငါးဖမ်းသူတွေက အောက်လယ်ထဲကနေ ရေပိတ်ပြီး ငါးဖမ်းကြတဲ့အတွက်လယ်ပျက်စီးတာတွေလည်း ရှိနေတယ်လို့ ပဲခူးမြို့ ဒေသခံတဦးက ပြောပါတယ်။ တခါ ကော့မှူး၊ ကွမ်းခြံကုန်း၊ တွံ့တေး ဘက်တွေမှာလည်း လယ်တွေ ရေမြုပ်ခဲ့ပြီး တချို့ လယ်တွေမှာ ပြောင်သလင်းခါအောင် စပါးပင်တွေ သေသွားတယ်လို့ သိရပါတယ်။ အခုရေမြုပ်သွားတဲ့ လယ်ပိုင်ရှင်တွေရဲ့ တဧက စိုက်ပျိုးစရိတ်ဟာ ၈ သောင်းကနေ ၁ သိန်းခွဲဝန်းကျင်ကြားမှာ ကုန်ကျထားတယ်လို့ သိရပါတယ်။

အခုဆိုရင် မျိုးစပါးဟာ ၁ တင်းကို ၆ ထောင်ဝန်းကျင်ဈေးပေါက်နေတဲ့အပြင် ပြန်ပျိုးထောင်ရဦးမယ်ဆိုရင စပါးစိုက်ဖို့ စကောစကအခြေအနေကိုရောက်သွားနိုင်လို့စပါးစိုက်တောင်သူတွေစုပေါင်းပြီး အစိုးရထံမှာအကူအညီတောင်းခံဖို့ စီစဉ်နေကြတယ်လို့သိရပါတယ်။

---

# ယာယီ PP များ သက်တမ်းတိုးနိုင်

**RFA ၊ ဂျူလိုင် ၆ ။** ။ ထိုင်းနိုင်ငံကို ရောက်နေပြီး မကြာခင် သက်တမ်းကုန်ဆုံးတော့မယ့် မြန်မာ ရွှေ့ပြောင်း အလုပ်သမားတွေရဲ့ ယာယီနိုင်ငံကူးလက်မှတ်တွေကို ဘန်ကောက်ရှိ မြန်မာသံရုံးအပါအဝင် ရနောင်းရှိ ယာယီနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးမှာ သွားရောက် သက်တမ်းတိုးခွင့်ရှိတယ်လို့ RFA က စုံစမ်းသိရပါတယ်။

၂၀၀၈ ခုနှစ်က ယာယီနိုင်ငံကူး လက်မှတ် စတင် ကိုင်ဆောင်ပြီး ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ကိုင်နေသူတွေဟာ အခု ဇူလိုင်လမှာ သက်တမ်းကုန်သွားတဲ့ နိုင်ငံကူးလက်မှတ်အတွက် နောက်ထပ် ၃ နှစ်စာ သက်တမ်းတိုးရာမှာ သွားလာရေး အဆင်ပြေအောင် အခုလို စင်တာ ၂ ခု ဖွင့်ထားတာဖြစ်ကြောင်း ဘန်ကောက်မြန်မာသံရုံးက ဝန်ထမ်းတဦးက ပြောပါတယ်။

ဒီလို သက်တမ်းတိုးဖို့အတွက် ထိုင်းဘတ်ငွေ ၄၅၀ ကုန်ကျမှာဖြစ်ပါတယ်၊ ဇူလိုင်လ ၁ ရက်နေ့ကနေ စတင်ပြီးတော့ အလုပ်သမားတွေရဲ့ အသစ်လုပ်မယ့် နိုင်ငံကူးလက်မှတ်သက်တမ်းကိုတော့ ၆ နှစ်တခါတည်း ပေးမယ်လို့ မြန်မာအစိုးရက ဆိုပါတယ်။

မြန်မာ ယာယီနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ပြီး ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ကိုင်နေသူ အရေအတွက်ဟာ ၅ သိန်း ဝန်းကျင်မှာရှိနေပြီး၊ ယာယီ နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ခွင့် ရဖို့ လျှောက်ထားသူအရေအတွက်ဟာ ၃ သိန်း ဝန်းကျင် ကျန်ရှိနေပါသေးတယ်။

ဒ့ါအပြင် ပြီးခဲ့တဲ့ ဇွန်လ ၁၅ ရက်နေ့ကစလို့ ယခုလ ၁၄ ရက်နေ့အထိ တရားမဝင်ရွှေ့ပြောင်း အလုပ်သမားတွေကို မှတ်ပုံတင်ခွင့် ထိုင်းအစိုးရက ဖွင့်လှစ်ပေးခဲ့တဲ့အတွက် ဒီအလုပ်သမားတွေဟာလည်း အလုပ်သမား ဘတ်လက်မှတ် ရရှိပြီးပြီဆိုရင် ယာယီနိုင်ငံကူး လက်မှတ်ကို ဆက်လက်လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။

---

**စာမျက်နှာ ၁၇ မှ**

မှုတွေ ရှိပါတယ်။လူအများရဲ့ ဒေါသစိတ် တွေကို နိုးဆွပေးနိုင်ပြီး၊ တခါတရံမှာဆင်းရဲနွမ်းပါးမှုကြောင့် အကြမ်းဖက်မှု (violence) တွေ ဖြစ်ပွားစေတတ်ပါတယ်။ဒီလို အကြမ်းဖက်မှုတွေဟာ ယေဘုယျအားဖြင့်မိသားစုတွင်း၊အိမ်တွင်းမှာဖြစ်တတ်ပါတယ်။ဒီအခါမှာမိသားစုတွင်းဆက်ဆံရေးမှာ အားနည်းသူများ(အမျိုးသမီးများနှင့်ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ)ဟာ သားကောင်များ ဖြစ်လာနိုင်ပါတယ်။မိသားစုတွင်း အကြမ်းဖက်မှုတင်မကပဲ လူ့အဖွဲ့အစည်းအတွင်း ပျံ့နှံ့လာတဲ့အကြမ်းဖက်မှုတွေလဲ ရှိပါတယ်။

ဒါတွင်မကပဲ ဆင်းရဲနွမ်းပါးမှုဟာ လုယက်မှု၊ ဓားပြတိုက်မှု၊ ပစ္စည်းယူလူသတ်မှု၊ခိုးယူမှုစတဲ့ စာရိတ္တပျက်စီးမှုဆိုင်ရာမှုခင်းတွေရဲ့အခြေခံဖြစ်ပွားစေသောအကြောင်းတရားလဲဖြစ်ပါတယ်။ နိုင်ငံရေးစနစ်ကြောင့် ဆင်းရဲနွမ်းပါးမှုကိုဖြစ်စေသလို၊ ဆင်းရဲနွမ်းပါးမှုကလဲ နိုင်ငံရေးမတည်ငြိမ်မှုတွေနဲ့ စစ်ပွဲတွေကိုပြန်ဖြစ်စေပြီး၊ သံသရာလည်နေတတ်ပါတယ်။

ဒါကြောင့် ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်ရေး၊ သက်ဆိုင်ရာနိုင်ငံအလိုက် နိုင်ငံရေးတည်ငြိမ်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှုဘဝမြင့်မားရေးစတာတွေအတွက်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဟာအလွန်ပဲအရေးကြီးပါတယ်။ ဒီလိုဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးအတွက် ဝင်ငွေမြင့်မားမှု၊ရုပ်ဝတ္ထုပစ္စည်းတိုးတက်မှု စတာတွေအပြင်၊ စီးပွားရေး၊ လူမှုရေးနိုင်ငံရေးလွတ်လပ်ခွင့် အပြည့်အဝရှိသော social institutions များ ပေါ်ထွက်လာဖို့လိုအပ်လုပ်ပါကြောင်း ရေးသားတင်ပြအပ်ပါတယ်။

ရည်ညွှန်းကိုးကား။ ။

Korten, D. (1995) When Corporations Rule the World, Kumarian Press, SanFrancisco

Sen, A. (1985) Commodities and Capabilities, North Holland, Amsterdam

World Bank (1990) World Development Report, The World Bank, Washington DC.

✡✡✡✡✡

# ကချင်ဒုက္ခသည်များကို မကူညီရန် ဦးသိန်းစိန်အစိုးရက ဟန့်တားမှုတွေလုပ်

**Mizzima । ဂျူလိုင် ၈ ။** ။ တိုက်ပွဲကြောင့် တရုတ်-မြန်မာနယ်စပ်သို့ ထွက်ပြေးသွားသူ ကချင်ဒုက္ခသည်များကို အကူအညီမပေးရန် အစိုးရက ပြည်တွင်းမှ အစိုးရမဟုတ်သော NGO အဖွဲ့ကို ပြောဆိုထားသဖြင့် ယနေ့ချိန်ထိ အကူအညီမရသေးဟု စစ်ပြေးဒုက္ခသည်များကို ကူညီစောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူ ဒေါ်မိုင်းဂျာက ပြောသည်။

မြန်မာအစိုးရနှင့် ကချင်လွတ်မြောက်ရေးတပ် KIO အဖွဲ့အကြား တိုက်ပွဲစတင်ဖြစ်ပွားစဉ် ယခင် ဇွန်လလယ်တွင် အစိုးရမဟုတ်သော NGO အဖွဲ့များထံ အကူအညီတောင်းဆိုခဲ့ရာ ကူညီမည်ဟု ပြောဆိုခဲ့ပြီးနောက် ယနေ့ထိ တုံ့ပြန်လာခြင်းမရှိသဖြင့် ဆက်သွယ်မေးမြန်းရာမှ သိရှိရသည်ဟု သူက မဖျှံမကို ပြောသည်။

"ကျမလည်း NGO အလှူရှင်ကိုတယောက်ကိုမေးတာ အစိုးရက မလှူခိုင်းဘူးဆိုတာ ဟုတ်တယ်။ ကျမတို့နဲ့ ဆက်သွယ်တာတောင်မသိစေရဘူး။ တကယ်လို့ ကူညီတာကို သိသွားရင် Register သိမ်းလိုက်မယ်ဆိုပြီး ပြောတယ်လို့ ပြောလာတယ်။ ဘယ်အဖွဲ့ကိုမှ မဝင်ခိုင်းဘူး။ အဲဒါကြောင့် ဝင်ဖို့မရဲကြဘူး"ဟု ကချင်ပြည်နယ် နယ်စပ်မြို့ မိုင်ဂျာယန်နေ ဒေါ်မိုင်းဂျာက ပြောသည်။

"အစတော့ ကူညီဖို့ရှိတယ်။ အစိုးရဘက်က ဒီလို ပြောလိုက်တော့ မကူညီတော့ဘူး။ ဒီဘက် တိုက်ပွဲစဖြစ်တဲ့ ဇွန် ၁၅၊ ၁၆ လောက်မှာ အန်ဂျီအိုတွေနဲ့ဆက်သွယ်တော့ ပိုက်ဆံပို့ဖို့ဆိုတာတွေပြောထားတယ်၊ အခုတော့ အသံတိတ်သွားပြီး ဆက်သွယ်လို့ကို ရတော့ဘူး၊ ကျမပြန်မေးကြည့်လိုက်တော့ အန်ဂျီအိုတွေကို ဒီဘက်မကူညီရဘူးဆိုပြီး ပြောထားလို့ဆိုတာသိရတယ်၊ အဆက်အသွယ်တောင်မလုပ်ရဘူး"ဟု သူက ဆက်ပြောသည်။

တိုက်ပွဲများ စတင်ဖြစ်ပွားချိန်တွင် အကူအညီပေးလိုကြောင်း ကမ်းလှမ်းလာသူ NGO များရှိသော်လည်းနောက်ပိုင်း အစိုးရဘက်မှ တားမြစ်လိုက်သဖြင့် ယနေ့ထိ ဆက်သွယ်ပြောဆိုလာခြင်းမရှိတော့ကြောင်း သူကဆက်ပြောသည်။ ပြည်တွင်းမှ အနည်းဆုံး NGO ၃ ဖွဲ့ကို ကူညီရန်အကူအညီတောင်းခံခဲ့သော်လည်းဆွေးနွေးမည်ဟုဆိုကာယနေ့ထိပြန်လည်အကြောင်းကြားလာခြင်းမရှိကြောင်း သူကဆိုသည်။

လက်ရှိ တရုတ်နယ်စပ် KIO တပ်မဟာ ၃ နယ်မြေအတွင်း မိုင်ဂျာနယ်တွင် ဒုက္ခသည်ပေါင်း ၃၀၀၀ ကျော်ရှိရာ သူတို့ကို လူမှုကယ်ဆယ်ရေးအဖွဲ့တခုဖြစ်သော WungPawng Ning Htoi အဖွဲ့မှ တရက်လျှင် လူကြီး နို့ဆီဗူး ၂ ဗူး၊ ကလေး ၁ ဗူးနှင့် ဆီ၊ ဆား၊ ကုလားပဲ၊အာလူး စသည့် အစားအသောက်များကို တတ်နိုင်သလောက် ကူညီပေးနေကြောင်း သိရသည်။ စစ်ပြေးဒုက္ခသည်များကို မကူညီကြောင်း ပြီးခဲ့သည့် ၃ ပတ်ခန့်က NGO အဖွဲ့များကို လက်မှတ်ထိုးခိုင်းခဲ့သည်ဟု NGO နှင့် နီးစပ်သူတဦးက ပြောသည်။

"NGO တွေကို လက်မှတ်ထိုးခိုင်းထားတယ်၊ အစိုးရကပိတ်ထားတယ်လို့ပြောတယ်။ သူတို့ကို ကျနော်တို့ မကူညီပါဘူးဆိုတဲ့ လက်မှတ်ထိုးခိုင်းတာတဲ့၊ ၃ ပတ်လောက်ရှိတော့မယ်ထင်တယ်။ ဘာကြောင့်ဆိုတာတော့ မသိဘူး"ဟု သူက မဖျှံမကိုပြောသည်။

အလားတူ နှစ်ဖက်တိုက်ပွဲကြောင့် ထွက်ပြေးတိမ်းရှောင်လာသူများကို KIO ဌာနချုပ် လိုင်ဇာမြို့ပေါ် စစ်ပြေးဒုက္ခသည်များပေါင်း ၁၇,၀၀၀ ခန့်ရှိနေပြီဖြစ်ကြောင်း KIO က ပြောဆိုထားသည်။ လိုင်ဇာမြို့ပေါ်မှ ဒုက္ခသည်များကို KIO အဖွဲ့က ကူညီစောင့်ရှောက်နေသည်ဟုလည်း ဆိုသည်။

နှစ်ဘက်တိုက်ပွဲ ၁ လပြည့်သည့်အချိန်အထိ မည်သည့် NGO များမှ ကူညီခြင်းမရှိသေးဘဲ လူမှုရေးအရ ကူညီလိုသော NGO အဖွဲ့အစည်းများကို မကူညီရန် အစိုးရဘက်မှတားမြစ်သည်ကို သိရကြောင်း ဒုက္ခသည်များကို ကယ်ဆယ်ရေးကော်မတီတာဝန်ခံ KIO ၏ အရပ်ဘက် အရာရှိ ဦးဒွဲပီဆားက ပြောသည်။

"မြစ်ကြီးနားက အန်ဂျီအိုတွေကို မကူညီဖို့ နှုတ်မိန့်ပြောထားတယ်၊ အန်ဂျီအိုသာမကဘူး။ သာဘာရေး ဆရာတွေကိုလည်းပြောဆိုထားတာရှိတယ်လို့ ကြားပါတယ်။ အစိုးရက KIA ကို ရန်သူသတ်မှတ်ပြီးမှ အကျပ်ကိုင်တယ်ဆိုပါတော့၊ ဒါပေမယ့် ပြည်သူလူထုကို ကူညီထောက်ပံ့တာကို တားမြစ်တာက လူ့အခွင့်အရေးကို ချိုးဖောက်တယ်လို့ဘဲ ယူဆတယ်"ဟု သူက ပြောသည်။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် အစိုးရမဟုတ်သော NGO များဖြစ်သော AZG ၊ World Concern ၊ WHO ၊ ငြိမ်းဖာင်ဒေးရှင်း Shalom Foundation နှင့် မေတ္တာဖောင်ဒေးရှင်း စသည့် အဖွဲ့အစည်းအများအပြားရှိသည်။အလှူရှင်များထံမှစုဆောင်းရရှိသောဆန်တင်း၉၀သာ ကျန်ရှိနေပြီဟု ဆိုသည်။ ထို့ပြင် ယခု တပတ်မှစတင်၍မိုင်ဂျာနယ်ကျောင်းပြန်ဖွင့်ပြီဖြစ်၍ တရုတ်နိုင်ငံဘက်ခြမ်းသို့ ထွက်ပြေးသွားသူသည့် ဒုက္ခသည်ကလေးများ ကျောင်းပြန်တက်ရန် ရောက်ရှိလာပြီဖြစ်၍ ၄၀ ခန့် ပြန်ဝင်လာသည်ဟု သိရသည်။

အစိုးရအနေဖြင့် NGO အဖွဲ့အစည်းများကို ကူညီမှု တားမြစ်ထားသဖြင့် ဒုက္ခသည်များသည် စစ်ကြောင့် ထွက်ပြေးရသလို စားဝတ် နေရေးခက်ခဲမှုနှင့် နှစ်ကြိမ်ဒုက္ခခံနေရသည်ဟု ဒေါ်မိုင်းဂျာကဆိုသည်။

"ကျမတို့က လက်နက်ကိုင်တဲ့လူတွေ မဟုတ်ဘူး။ လက်နက်ကိုင်နှစ်ဖွဲ့ကြားမှာ ခံနေရတဲ့ပြည်သူတွေပါ။ ဒုက္ခသည် ဆိုတာက နှစ်ဘက် တိုက်ပွဲဖြစ်တော့ သေနတ်သံကြားလို့ ထွက်ပြေးလာတဲ့လူတွေဘဲ။ ကျမတို့က အစိုးရကို ဆန့်ကျင်နေတာမဟုတ်ဘူး။ ခုလို မကူညီခိုင်းဘူးဆိုတာက ငတ်ပြီး သေသွားအောင်လုပ်တာဘဲ။ နည်းနည်းမှ လူသားချင်းစာနာစိတ်မရှိတဲ့ အစိုးရဘဲ" ဟု သူကမဖျှံမကိုပြောသည်။

ဗန်းမော်နှင့် လွယ်ဂျာအကြားရှိ ကျေးရွာအချို့တွင် အစိုးရက တရုတ်နယ်စပ်ဘက်ထွက်ပြေးသွားသူများ၏ နာမည်စာရင်းကို လိုက်လံကောက်ခံနေသည်ဟု သတင်းများကြားရသဖြင့် အရေးယူမည်ကို စိုးရိမ်သဖြင့် ဒုက္ခသည်များသည် နေရပ်ရင်းသို့ ပြန်ရန် ကြောက်ရွံ့နေသည်ဟု သူက ဆိုသည်။

# ကြားဖြတ်ရွေးကောက်ပွဲဝင်ဖို့ ဒီမိုကရက်တစ်ပါတီ မိတ်ဆွေပါတီများ ပြင်ဆင်

**RFA | ဂျူလိုင် ၅ ။** ။ အခုနှစ် နိုဝင်ဘာလောက်မှာ ကျင်းပဖွယ်ရှိတဲ့ ကြားဖြတ်ရွေးကောက်ပွဲမှာ အစိုးရရဲ့ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီကို အဓိက ယှဉ်ပြိုင်ဖို့အတွက် ပါတီ ၁၀ ခုနဲ့ ဖွဲ့စည်းထားတဲ့ ဒီမိုကရက်တစ် မိတ်ဆွေပါတီများ အဖွဲ့က နေရာ ၄၀ နီးပါး ဝင်ရောက်ယှဉ်ပြိုင်မယ်လို့ သိရပါတယ်။

ဒီမိုကရက်တစ် မိတ်ဆွေ ပါတီများ အဖွဲ့ အနေနဲ့ ပါတီ အချင်းချင်း အကူအညီ ပေးပြီး လူမထပ်အောင် ဝင်ရောက် ယှဉ်ပြိုင် သွားမယ်လို့ ပြည်ထောင်စု ဒီမိုကရေစီ ပါတီရဲ့ ဥက္ကဋ္ဌ ဦးသိန်းတင်အောင်က ပြောပါတယ်။

"စုစုပေါင်း ပါတီပေ့ါနော်၊ တချို့ပါတီတွေရာထားချက် တင်နိုင်တယ်။ တချို့ပါတီတွေက မတင်နိုင်သေးဘူးပေ့ါနော်။ လောလောဆယ်တော့ ၃၈ နေရာလောက် ယာထားတယ်ပေ့ါ။ အဲဒီနေရာမှာထပ်တဲ့ဟာလေးတွေကို ကိုယ့်အချင်းချင်း ပြန်ဆွေးနွေးပြီးတော့ အဓိကကတော့ မထပ်အောင်ပေ့ါဗျာနော်။ ကျနော်တို့ မိတ်ဆွေပါတီ အချင်းချင်း အဲဒီ မဲဆန္ဒနယ် တနယ်ထဲမှာ မထပ်ရေးမူအရ မထပ်အောင် လုပ်ပြီးတော့ ဝင်ပြိုင်နိုင်အောင်၊ နောက်ပီးတော့ ကိုယ်စားလှယ်လောင်း တယောက်ထဲကိုကျန်တဲ့ပါတီတွေကဝိုင်းပီးတော့ကူညီနိုင်အောင်ကျနော်တို့ ပြင်ဆင် ဆောင်ရွက်နေပါတယ်။"

ဒီမိုကရေစီမိတ်ဆွေပါတီများအဖွဲ့ကို ရွေးကောက်ပွဲဝင်ရောက်ခဲ့တဲ့ အမျိုးသားဒီမိုကရေစီ အင်အားစု၊ ဒီမိုကရက်တစ်ပါတီ-မြန်မာ၊ ပြည်ထောင်စုဒီမိုကရေစီပါတီတို့အပြင် တိုင်းရင်းသားပါတီ ၅ ခုအပါအဝင် စုစုပေါင်းပါတီ ၁၀ ခုနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ ဒီမိုကရေစီမိတ်ဆွေပါတီများအဖွဲ့ဝင် ကရင်တိုင်းရင်းသားပါတီတခုဖြစ်တဲ့ဖလုံစဝေါ် ပါတီဟာ သမ္မတဦးသိန်းစိန်အနိုင်ရရှိခဲ့တဲ့ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်က တစ်နေရာဝင်ရောက်ယှဉ်ပြိုင်ဖို့ ပြင်ဆင်နေတယ်လို့ သိရပါတယ်။ ဒီအတောအတွင်း အမျိုးသား ဒီမိုကရေစီ အင်အားစု ခေါင်းဆောင်ဟောင်းတဦးဖြစ်တဲ့ လွှတ်တော်အမတ် ဦးသိန်းညွန့်က အမျိုးသားဒီမိုကရေစီပါတီသစ်အမည်နဲ့ နေပြည်တော် ရွေးကောက်ပွဲကော်မရှင်မှာ မနေ့က ပါတီမှတ်ပုံတင်လျှောက်ထားလိုက်တယ်လို့ ဦးသိန်းညွန့်က ပြောပါတယ်။

"ကျနော်တို့ ဇူလိုင် ၄ ရက်နေ့ ၁၀ နာရီ ၄၂ မိနစ်မှာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှာ ကျနော်ရယ်၊ ရန်ကုန်တိုင်း ဒေသကြီး အမှတ် ၁ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ရယ် အပါအဝင်ပေ့ါ။ ကျနော်တို့လေးဦးပေ့ါ။ ကော်မရှင်ရုံးမှာ သွားရောက်ပြီးတော့ မှတ်ပုံတင်ပါတယ်။ အမှတ်စဉ် ၄၅ နဲ့ ကော်မရှင်က ကျနော်တို့ တင်ပြတဲ့ အမျိုးသား ဒီမိုကရေစီပါတီသစ်တည်ထောင်ခွင့် လျှောက်ထားခြင်း လျှောက်လွှာကို မနေ့က လက်ခံလိုက်ပြီဖြစ်ပါတယ်။"

နိုင်ငံရေးပါတီတွေအနေနဲ့ လာမယ့် ကြားဖြတ် ရွေးကောက်ပွဲမှာ တနိုင်ငံလုံး လွှတ်တော် အမတ် နေရာ ၅၀ နီးပါး အတွက် ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။

အမျိုးသား ဒီမိုကရေစီပါတီသစ်အနေနဲ့ ရန်ကုန်တိုင်းအတွင်း ၂ နေရာ ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ကြောင်း၊ လာမယ့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ အန်အယ်လ်ဒီအမျိုးသားဒီမိုကရေစီအ ဖွဲ့ချုပ် ရွေးကောက်ပွဲဝင်ခဲ့ရင် အခုတည်ထောင်လိုက်တဲ့ အမျိုးသားဒီမိုကရေစီပါတီသစ်ပါတီကိုဖျက်သိမ်းပြီး အန်အယ်လ်ဒီနဲ့ပူးပေါင်းဖို့ ရည်ရွယ်ထားကြောင်း ဦးသိန်းညွန့်က ပြောပါတယ်။


Voice of Burma

APTO 502
7-18-1 Takinogawa
Kita Ku, Tokyo
Japan. 114 - 0023

Tel/Fax: 81 3-3949-3919
E-mail: sayarkway@yahoo.com
koko@gol.com

၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်